## Myanmar Council of Churches

# That They All May Be One (John 17: 21)

jrefrmEkdifiHckpf,meftoif;awmfrsm;aumifpD

# 2023

## Monthly Planner

Updated information about
**(13) Member Churches &**
**(14) Cooperating Bodies**

# မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ

## ၁။ ရူပါရုံ

ဘုရားသခင်၏ သာသနာတော်မြတ်တည်းဟူသော မြန်မာနိုင်ငံရှိ အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ လူသားတစ်ရပ်လုံး ညီညွတ်ခြင်းနှင့် တစ်လောကလုံး ပြည့်စုံကြွယ်ဝသော အသက်တာအတွက် မြန်မာ့ရေခံ၊ မြေခံနှင့် လျော်ညီစွာ အသင်းတော်များအားလုံး စုစည်းလက်တွဲ၍ အစေခံဝန်ထမ်းရန်။

## ၂။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ သမိုင်းအကျဉ်း

ခရစ်ယာန်ကောင်စီဆိုသည်မှာ ခရစ်ယာန်အသင်းတော်များ၊ ခရစ်ယာန်အဖွဲ့အစည်းများတို့၏ အဖွဲ့ချုပ်၊ အသင်းချုပ်မဟုတ်ပေ။ သက်ဆိုင်ရာ အသင်းတော်များ အသင်းအဖွဲ့များ အတူတကွ စုဝေး တိုင်ပင်နိုင်ရန်နှင့် အားလုံးတို့အတွက် အကျိုးတူလုပ်ငန်းများ ဖော်ထုတ်ကြရန်အတွက် စုစည်းထားသောကြောင့် ကောင်စီဟု ခေါ်ပါသည်။

ကောင်စီများကို ထူထောင်ဖွဲ့စည်းရခြင်းသည် ခရစ်ယာန်အသင်းတော်များနှင့် ခရစ်ယာန်သာသနာ၏ အကျိုးအတွက်လည်းကောင်း၊ အခြားဘာသာဝင်များအားလုံး အကျိုးအတွက်လည်းကောင်း ခရစ်ယာန်များ စုပေါင်းလက်တွဲ လုပ်ဆောင်ကြနိုင်ရန် ဖွဲ့စည်းကြခြင်း ဖြစ်ပါသည်။

အစဦးတွင် ခရစ်ယာန်သာသနာပြုအဖွဲ့များ ကမ္ဘာကို သာသနာပြုရာတွင် ကြုံရသော အခက်အခဲပြဿနာများ ဖြေရှင်းရန်နှင့် အနာဂတ်သာသနာအတွက် ပြေပြစ်မှုရှိစေရန်ဖြစ်ပါသည်။ သာသနာပြုများ အချင်းချင်းညီညွတ်ကြရန် တိုင်ပင်သည့်ဌာနတစ်ခုသဖွယ် ဖြစ်ပါသည်။ သာသနာပြုပုဂ္ဂိုလ်များ သာသနာ့လုပ်ငန်းကွင်းထဲတွင် တွေ့ကြုံရသော ပြဿနာများကို အားလုံးမျက်နှာစုံညီ တွေ့ဆုံဆွေးနွေးကြပြီး အတူတကွ အဖြေရှာနိုင်သော နေရာကား ကောင်စီများသာ ဖြစ်ပါသည်။

ဤကဲ့သို့သော ကောင်စီဖွဲ့စည်းမှုများကို ကမ္ဘာ့အတိုင်းအတာ နှင့် သာမက နိုင်ငံတစ်ခုစီအတိုင်း အတာနှင့်လည်း ဖွဲ့စည်းအပ်သည်ဟု နားလည်လာကြသည်နှင့်အမျှ ကမ္ဘာကျော် စည်းရုံးရေးသမားကြီးတစ်ဦး ဖြစ်သော မစ္စတာဂျွန်အာမော့သည် ကမ္ဘာကို စတင်လှည့်လည် တိုက်တွန်းခဲ့ပါသည်။ ကမ္ဘာလှည့် ခရီးစဉ် လေးကြိမ်တိုင် ရှိခဲ့သည်ဟု ဆိုပါသည်။ ခရစ်ယာန်အသင်းတော်များ၊ အဖွဲ့အစည်းများ ညီညွတ်နိုင်ရေးအတွက် စည်းရုံးခဲ့လေသည်။ တတိယအကြိမ် ကမ္ဘာလှည့် ခရီးစဉ်ကို ၁၉၁၂-၁၃ ခုနှစ်၌ ဆောင်ရွက်ခဲ့သည်။ ထိုခရီးစဉ်တွင် တာဝန်နှစ်ရပ် ပါလာပါသည်။ ယင်းတို့မှာ-

(၁) W.S.C.F အထွေထွေအတွင်းရေးမှူးအဖြစ်ဖြင့် နိုင်ငံတိုင်းတွင် S.C.M များ စည်းရုံးဖွဲ့စည်းရန်။

(၂) အီဒင်ဘာရာနောက်ဆက်တွဲကော်မတီ ဥက္ကဋ္ဌတာဝန်ဖြင့် ဒေသဆိုင်ရာ သာသနာပြုကောင်စီများ ဖွဲ့စည်းရန် တို့ပင် ဖြစ်ပါသည်။

၁၉၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ရောက်ရှိ၍ အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်နိုင်ငံတို့ ပါဝင်သော အမျိုးသားသာသနာပြုများကောင်စီ (National Missionary Council) ကို ဖွဲ့စည်းပေးခဲ့သည်။ ရန်ကုန်မြို့ကိုမူ ၁၉၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ရောက်လာသည်ဟု မှတ်တမ်းများ၌ဆိုသည်။ ထိုရောက်ရှိသော နှစ်တွင် ဂျွန်အာမော့၏ တိုက်တွန်းဟောပြောမှုကြောင့် မြန်မာနိုင်ငံ S.C.M ရော Burma Representative Council of Missions ရော နှစ်မျိုးစလုံး ဖွဲ့စည်းမိကြသည်ဟုဆိုသည်။ ထိုမှတစ်ဖန် ၁၉၂၁ ခုနှစ် နောက်ပိုင်းတွင် အခေါ်အဝေါ် အပြောင်းအလဲပြုလုပ်ကြသည်ကို တွေ့ရသည်။ ဥပမာ – International Missionary Conference အစား International Missionary Council ဟူ၍လည်းကောင်း၊ Burma Representative Council of Mission အစား Burma Christian Council ဟူ၍လည်းကောင်း ဖြစ်လာသည်ဟု အနီးစပ်ဆုံး မှတ်တမ်းများအရ သိရှိရပါသည်။ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ၏ မူလ အခြေခံစည်းမျဉ်းစာအုပ်ပေါ်တွင် မြန်မာနိုင်ငံတွင် ခရစ်ယာန်ကောင်စီကို ၁၉၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း ပါရှိပါသည်။ မူလဖွဲ့စည်းစဉ်က အမည်မှာ မြန်မာနိုင်ငံသာသနာပြုအဖွဲ့များကို ကိုယ်စားပြုသော ကောင်စီ (Burma Representative Council of Mission) ဟူ၍ ဖြစ်ပါသည်။

၁၉၁၂ ခုနှစ်၏ နောက်ပိုင်းတွင် သာသနာပြုများလက်မှ နိုင်ငံသားခရစ်ယာန်များလက်သို့ သာသနာ့တာဝန်များကို တဖြည်းဖြည်း လွှဲအပ်ပေးရန် သဘောတရားများ ဆွေးနွေးရရှိလာကြောင်း တွေ့ရပါသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် ပြောင်းလဲလာသော နိုင်ငံအခြေအနေပေါ် မူတည်၍ The Burma Christian Council အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခု မေလ (၁၆)ရက်နေ့မှ (၁၉) ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ၏ နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ "Burma Christian Council" ကိုမြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ "Burma Council of Churches (BCC)" အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပြီး၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၇၄ ခုနှစ်၊ မေလ (၁၄)ရက်နေ့၊ မေမြို့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ၏ နှစ်ပတ်လည် အစည်းအဝေးကြီးတွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ရေး၊ အသင်းတော် ကွဲပြားရန်မဟုတ်ဘဲ၊ ဂုဏ်းဂဏအချင်းချင်း နားလည်မှုရှိခြင်း၊ အပြန်အလှန် အသိမှတ်ပြုခြင်းနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ဖြင့် နာမတော်ကို အတူတကွ ဝန်ခံမှုကို မြင့်တင်ပေးရန်အတွက် ဖြစ်သည်။

## ၃။ ရပ်တည်လုပ်ဆောင်မှု

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များကို အခြေခံ၍ ဖွဲ့စည်းထားသော ဂိုဏ်းပေါင်းစုံသာသနာ့အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံတွင် ရှိသော အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်၍ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ဝိညာဉ်သဘော ပြည့်ဝခြင်း၊ ဘက်စုံသာသနာ့လုပ်ငန်း ဖော်ထုတ်လုပ်ဆောင်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ငြိမ်းချမ်းရေး၊ တရားမျှတခြင်း၊ လူ့ဂုဏ်သိက္ခာ မြှင့်တင်ခြင်း၊ ကျား/မ ရေးရာ တန်းတူညီမျှခြင်း၊ အစေခံဝန်ထမ်းခြင်း၊ သက်သေခံခြင်းနှင့် ဘာသာပေါင်းစုံ ချစ်ခင်လက်တွဲလုပ်

ဆောင်ခြင်းတို့ကို ဦးတည်လုပ်ဆောင်မည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို ယုံကြည်ခြင်းနှင့် ကျင့်သုံးမှု အပြန်အလှန်အသိအမှတ်ပြုခြင်း၊ လုပ်ဆောင်နိုင်သော စွမ်းအား ပြည့်ဝစေခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်တွင်း ပြည်ပမှ အရင်းအမြစ်များ ဝေမျှဖလှယ်ခြင်း၊ မိတ်ဖက်လုပ်ဆောင်ခြင်း၊ ညှိနှိုင်း စုစည်း လက်တွဲ လုပ်ဆောင်ခြင်း များဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၄။ ရည်ရွယ်ချက်

မဓသကတွင် အောက်ဖော်ပြပါ ချမှတ်ထားသည့် တိကျသော ရည်ရွယ်ချက်များ ရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးဟုဆိုရာ၌ အသင်းတော်များ တို့သည်–

(က) မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များအားလုံး တစ်လုံးတစ်ဝတည်း ဖြစ်ရေးအတွက် ဦးဆောင် လမ်းညွှန် အားထုတ်လုပ်ဆောင်ရန်။

(ခ) အသင်းတော်များသည် ခရစ်ယာန်ယုံကြည်ချက်နှင့် ကျင့်သုံးမှုဆိုင်ရာ ကိစ္စများတွင် အပြန်အလှန် နားလည် အသိအမှတ်ပြုရေးနှင့် မျက်မြင်ရသော စည်းလုံးညီညွတ်ရေးအတွက် အားပေးကူညီရန်။

(ဂ) အသင်းတော်များသည်ရှင်လုကာ၄း၁၉(ဟေရှာယ၆၁း၁–၃)ကျမ်းစာပါနာဇရက်ကြေညာချက်နှင့်အညီ ဥဿုံသာသနာလုပ်ငန်းများအတွက် အားပေးကူညီဆောင်ရွက်ရန်။

(ဃ) နိုင်ငံတော်အစိုးရနှင့် ဆက်နွယ်သည့် ခရစ်ယာန်ဘာသာသာသနာဆိုင်ရာကိစ္စများတွင် အသင်းတော်၏ ယုံကြည်ခြင်း၊ ကျင့်သုံးမှုနှင့် အစဉ်အလာများအရ အသင်းတော်များ၏ ကိုယ်စား ရပ်တည် လုပ်ဆောင်ရန်။

## ၅။ ၂၀၂၂–၂၀၂၄ ကောင်စီသက်တမ်းအမှုဆောင်အဖွဲ့များ

၁။ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး (ဥက္ကဋ္ဌ)
(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်))

၂။ ဆရာမ နန်းသူဇာမွန် (ဒုတိယဥက္ကဋ္ဌ)
(မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်)

၃။ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်း ((ဒုတိယဥက္ကဋ္ဌ)
(ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်))

၄။ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကောက်ထန်း (ဒုတိယဥက္ကဋ္ဌ)
(မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်))

၅။ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကေဇော်နန် (ဒုတိယဥက္ကဋ္ဌ)
(လွတ်လပ်သောတိုင်းရင်းခရစ်ယာန်သာသနာအသင်းတော်)

၆။ သိက္ခာတော်ရဆရာ စောစမ်စန် (အမှုဆောင်အဖွဲ့ဝင်)
(မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်)

၇။ သိက္ခာတော်ရဆရာ ဦးသိန်းလွင် (အမှုဆောင်အဖွဲ့ဝင်)
(အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်း)

၈။ ဆရာမကြီး ဒေါက်တာယဉ်ယဉ်မော် (အမှုဆောင်အဖွဲ့ဝင်)
(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်))

၉။ သိက္ခာတော်ရဆရာ စီ၊ ထောင်လင်း (အမှုဆောင်အဖွဲ့ဝင်)
(မရာဇဝံဂေလိအသင်းတော်)

၁၀။ Rev. Gospel Tana (အမှုဆောင်အဖွဲ့ဝင်)
(မြန်မာနိုင်ငံပရက် (စ်)ဘီတေးရီးယားအသင်းတော်)

၁၁။ သိက္ခာတော်ရဆရာ မန်းပါမာစတန် (အထွေထွေအတွင်းရေးမှူး)
(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ)

၁၂။ ဆရာမ မိုင်ကေသီမင်းဒင် (တွဲဖက်-အထွေထွေအတွင်းရေးမှူး)
(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ)

၁၃။ ဆရာမနန့်အေးမူမူအောင် (ဘဏ္ဍာထိန်း)
(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ)

## ၆။ စတင်တည်ထောင်သည့်ခုနှစ်

၁၉၁၄ ခုနှစ်

## ၇။ ရုံးလိပ်စာ

လိပ်စာ : အမှတ် (၆၀၁)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း : ၀၉၂၅၅၃၉၈၉၁၈ / ၀၉၉၄၁၅၃၆၁၉၀
Website : www.mccoikom.org
Email : info@mccoikom.org

## ၈။ အထူးနေ့

တစ်လုံးတစ်ဝတည်း တနင်္ဂနွေနေ့ (ဇန်နဝါရီလ၊ တတိယအပတ်၊ တနင်္ဂနွေနေ့)

# 2023

## January

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

## February

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | | | | |

## March

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## April

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

## May

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

## June

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

## July

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

## August

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## September

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

## October

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

## November

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

## December

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

Note

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

-----------

# JANUARY - 2023

| sun | mon | TUE |
|---|---|---|
| 1 | 2 | 3 |
| 8 | 9 | 10 |
| MCC Sunday<br>15 | 16 | 17 |
| SSKBMSအသင်းချုပ်နေ့<br>22 | 23 | 24 |
| 29 | 30 | 31 |

# ဇန်နဝါရီလ - ၂၀၂၃

| WED | THU | FRI | SAT |
| --- | --- | --- | --- |
| 4<br>လွတ်လပ်ရေးနေ့ | 5 | 6 | 7 |
| 11 | 12 | 13 | 14 |
| Unity<br>18 | Week<br>19 | of<br>20 | Prayer<br>21 |
| 25 | 26 | 27 | 28 |
| | | | |


Note

------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
------------
-----------

# FEBRUARY - 2023

| sun | mon | TUE |
| --- | --- | --- |
| | | |
| PCM Day<br>5 | 6 | 7 |
| ပြည်ထောင်စုနေ့<br>12 | 13 | 14 |
| 19 | 20 | 21 |
| 26 | 27 | 28 |

# ဖေဖော်ဝါရီလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| 1 | 2 | 3 | 4 |
| 8 | 9 | 10 | 11 |
| 15 | 16 | 17 | 18 |
| 22 | 23 | သာသနာပိုင်ချုပ်နယ်နေ့ 24  | 25 |
| | | | |

Note

# MARCH - 2023

| sun | mon | tue |
| --- | --- | --- |
| | | |
| 5 | 6 | 7 |
| 12 | 13 | 14 |
| 19 | 20 | 21 |
| 26 | 27 | 28 |

# မတ်လ - ၂၀၂၃

| WED | THU | FRI | SAT |
| --- | --- | --- | --- |
| 1 | 2<br>တောင်သူလယ်သမားနေ့ | 3 | 4 |
| 8 | 9 | 10 | 11 |
| 15 | 16 | 17 | 18 |
| 22 | 23 | 24 | 25 |
| 29 | 30 | 31 | |

Note

# APRIL - 2023

| sun | mon | TUE |
| --- | --- | --- |
| 30 | | |
| သံလွင်ခက်တနင်္ဂနွေ<br>2 | 3 | 4 |
| ရှင်ပြန်ထမြောက်ရာနေ့<br>9 | 10<br>နှစ်သစ်ကူးရုံးပိတ်ရက် | 11<br>နှစ်သစ်ကူးရုံးပိတ်ရက် |
| 16<br>သင်္ကြန်အတက်နေ့ | 17<br>နှစ်ဆန်းတစ်ရက်နေ့ | 18 |
| 23 | 24 | 25 |

# ဧပြီလ - ၂၀၂၄

| WED | THU | FRI | SAT |
|---|---|---|---|
| | | | 1 |
| 5 | 6 | 7 | 8 |
| 12<br>နှစ်သစ်ကူးရုံးပိတ်ရက် | 13<br>သင်္ကြန်အကြိုနေ့ | 14<br>သင်္ကြန်အကျနေ့ | 15<br>သင်္ကြန်အကြတ်နေ့ |
| 19 | 20 | 21 | 22 |
| 26 | 27 | 28 | 29 |

Note

# MAY - 2023

| SUN | MON | TUE |
|---|---|---|
| | MCC–LCCM အထူးနေ့ 1 အလုပ်သမားနေ့ | 2 |
| 7 | 8 | 9 |
| 14 | 15 | 16 |
| 21 | 22 | 23 |
| 28 | 29 | 30 |

## မေလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| 3 ညောင်ရေသွန်းပွဲတော် | 4 | 5 | 6 |
| 10 | 11 | 12 | 13 |
| 17 | 18 | 19 | 20 |
| 24 | 25 | 26 | 27 |
| 31 | | | |

Note

# June - 2023

| sun | mon | tue |
| --- | --- | --- |
| | | |
| 4 | 5 | YMCA နေ့<br>6 |
| 11 | 12 | 13 |
| 18 | 19 | 20 |
| 25 | 26 | 27 |

## ဇွန်လ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| | 1 | 2 | 3 |
| 7 | 8 | 9 | 10 |
| 14 | 15 | 16 | 17 |
| 21 | 22 | 23 | 24 |
| 28 | 29 | 30 | |

Note

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

------------

----------

# JULY - 2023

| sun | mon | TUE |
|---|---|---|
| IPCM Day<br>30 | 31 | |
| Founder's Day<br>2 | 3 | 4 |
| ယုဒသန်နေ့ (MBC)<br>9 | 10 | 11 |
| 16 | 17 | 18 |
| 23 | 24 | 25 |

# ဇူလိုင်လ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| | | | ဂိဒေါင်တည်ထောင်ရာနေ့ 1 |
| 5 | 6 | 7 | 8 |
| 12 | 13 | 14 | 15 |
| 19 အာဇာနည်နေ့ | 20 | 21 | 22 |
| 26 | 27 | 28 | 29 |

Note

# AUGUST - 2023

| sun | mon | TUE |
|---|---|---|
| | | 1 ဓမ္မစကြာနေ့ |
| 6 | 7 | 8 |
| သမ္မာကျမ်းစာနေ့ 13 | 14 | 15 |
| 20 | 21 | 22 |
| 27 | 28 | 29 |

# ဩဂုတ်လ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| 2 | 3 | 4 | 5 |
| 9 | 10 | 11 | 12 |
| 16 | 17 | 18 | 19 |
| 23 | 24 | 25 | 26 |
| 30 | 31 | | |

Note

# SEPTEMBER - 2023

| sun | mon | TUE |
|---|---|---|
| | | |
| 3 | 4 | 5 |
| အနာကြီးရောဂါဥပုသ်နေ့ 10 | 11 | 12 |
| 17 | 18 | 19 |
| 24 | 25 | သတင်းကောင်းရောက်ရှိရာနေ့ 26 |

# စက်တင်ဘာလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| | | 1 | 2 |
| 6 | 7 | 8 | (F.A.S)DAY<br>9 |
| 13 | 14 | 15 | 16 |
| 20 | 21 | 22 | 23 |
| 27 | 28 | 29 | 30 |

Note

# OCTOBER - 2023

| sun | mon | TUE |
|---|---|---|
| ကောက်ရိတ်သိမ်း ကျေးဇူးတော် ချီးမွမ်းကိုးကွယ်ခြင်း<br>1 | 2 | 3 |
| ဓမ္မအမှုတော်ဆောင်များနေ့<br>8 | 9 | 10 |
| 15 | 16 | 17 |
| 22 | 23 | ICHM အသင်းတော်နေ့<br>24 |
| 29 | 30<br>သိတင်းကျွတ်ရုံးပိတ်ရက် | Reformation Days<br>31 |

# အောက်တိုဘာလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| 4 | 5 | 6 | 7 |
| 11 | 12 | 13 | 14 |
| 18 | 19 | 20 | 21 |
| 25 | 26 | 27 | 28 |
| | | | |

Note

# NOVEMBER - 2023

| sun | mon | TUE |
| --- | --- | --- |
| | | |
| 5 | 6 | 7 |
| MCUM Sunday 12 | 13 | 14 |
| 19 | 20 | 21 |
| 26 | 27 တန်ဆောင်တိုင်ပွဲတော် | 28 |

နိုဝင်ဘာလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| 1 | 2 | 3 | 4 |
| 8 | 9 | 10 | 11 |
| 15 | 16 | 17 | 18 |
| 22 | 23 | 24 | 25 |
| 29 | 30 | | |

Note

# DECEMBER - 2023

| sun | mon | tue |
| --- | --- | --- |
| 31 | | |
| 3 | 4 | 5 |
| 10 | 11 | 12 |
| 17 | 18 | 19 |
| 24 | 25 ခရစ္စမတ်နေ့ | 26 |

# ဒီဇင်ဘာလ - ၂၀၂၃

| WED | THU | FRI | SAT |
|---|---|---|---|
| | | 1 | 2 |
| 6 | 7<br>အမျိုးသားနေ့ | 8 | 9 |
| 13 | 14 | 15 | 16 |
| 20 | 21 | 22 | 23 |
| 27 | 28 | 29 | 30 |

# 2024

## January

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

## February

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | | |

## March

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

## April

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

## May

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## June

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

## July

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

## August

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

## September

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

## October

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## November

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

## December

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

# မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်

## ၁။ ရူပါရုံ

သခင်ယေရှုခရစ်တော်ကို ဗဟိုပြုသော ကျစ်လျစ်ခိုင်မာသည့် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်သည် အသင်းတော်များနှင့် ဝန်းကျင်လူ့အသိုင်းအဝိုင်းကို ဟောပြောသက်သေခံခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် ပိုမိုကြွယ်ဝသော အသက်တာများ ရရှိပိုင်ဆိုင်ကာ မြန်မာနိုင်ငံ၌ ထာဝရဘုရားသခင်၏ ဘုန်းနာမတော် ထွန်းလင်းထင်ရှားလျက် ထာဝရဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

မြန်မာပြည်သို့ ပထမဦးဆုံးရောက်ရှိလာသော နှစ်ခြင်းသာသနာပြုများ၏ သမိုင်းကို စိစစ် လေ့လာသည့်အခါ အမေရိကန်ပြည်မှ ဆရာကြီးယုဒသန်နှင့် မမယုဒသန်တို့ မရောက်ရှိမီ အိန္ဒိယနိုင်ငံ Serampore မှ အင်္ဂလန်နှစ်ခြင်း သာသနာပြုများဖြစ်သော James Charter, Richard Marden နှင့် Felix Carey တို့သည် ၁၈၀၇ခုနှစ်တွင် မြန်မာပြည်သို့ ရောက်ရှိလာခဲ့သော ပထမဆုံးနှစ်ခြင်းသာသနာပြုများဖြစ်ကြပါသည်။ သူတို့ရောက်လာခြင်းသည် သာသနာပြုလုပ်ငန်း ချက်ချင်းစတင်ရန်မဟုတ်ဘဲ၊ မြေစမ်းခရမ်းပျိုးသဘောဖြင့် လေ့လာရန် လာရောက်ကြသည် ဖြစ်ရာ၊ အောင်မြင်ရန် အလားအလာ များစွာ မတွေ့ရှိပါသဖြင့် James Charter သည် ၁၈၁၃ ခုနှစ်တွင် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားပါသည်။ William Carey ၏ သားကြီးဖြစ်သူ Felix Carey မှာ ဆက်လက်နေထိုင်ပြီး၊ ၁၈၁၃ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့တွင် အမေရိကန် သာသနာပြုဆရာကြီး ယုဒသန် (Adoniram Judson) နှင့် အဲန်းဂျုဒ်ဆင် (Ann Judson) ဇနီးမောင်နှံတို့သည် မြန်မာပြည် ရန်ကုန်သို့ ရောက်ရှိလာသောအခါ ထိုအင်္ဂလိပ်နှစ်ခြင်းသာသနာပြုများ၏လုပ်ငန်းနှင့် အဆောက်အဦများကို အမွေအနှစ်အဖြစ် ဆက်ခံခဲ့ကြပါသည်။

၁၈၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်၌ အမေရိကန်ပြည်ထောင်စု Congregational အသင်း ခေါ် ရေဖျန်းအဖွဲ့သည် Adoniram Judson နှင့် ဇနီး Ann Judson တို့အား အရှေ့ပိုင်းသို့ သာသနာပြုရန် စေလွှတ်ခဲ့ပါသည်။ သာသနာပြုရန် လာရာ လမ်းခရီးတွင် သမ္မာ ကျမ်းစာကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာရာမှ Baptizo ဟူသော ဂရိဝေါဟာရသည် ရေထဲသို့ အကုန်အစင် နှစ်ခြင်းကိုသာ ဆိုလိုခြင်းဖြစ်ကြောင်း နက်နက်နဲနဲ သဘောပေါက်လာရာမှ နှစ်ခြင်းဂိုဏ်းသို့ ပြောင်းလဲသွားပါသည်။ အိန္ဒိယပြည်၊ ကာလကတ္တား (Calcutta) ယခု (Kolkota) မြို့သို့ ရောက်သောအခါ နှစ်ခြင်းမင်္ဂလာကို ၁၈၁၂ ခုနှစ်၊ စက်တင်ဘာလ (၆)ရက် တွင် Lal Bazaar Chapel ၌ အင်္ဂလိပ် နှစ်ခြင်းသာသနာပြု ဆရာကြီး Rev. William Ward က သူတို့ဇနီးမောင်နှံအား နှစ်ခြင်းမင်္ဂလာ

ပေးခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် ဤအမေရိကန်နှစ်ခြင်း သာသနာပြု ဇနီးမောင်နှံတို့သည် ဆက်လက် နေထိုင်ခွင့်မရရှိကြပါသဖြင့် Georgiana သင်္ဘောဖြင့် အရှေ့ဖျားတိုင်းပြည်ဘက်သို့ ရှေ့ရှုလျက် ခရီးပြုရာ လေမုန်တိုင်းဒဏ်ကြောင့် ဆက်လက်ခရီးပြုချိန် မရတော့ဘဲ၊ မြန်မာပြည်၊ ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီးယုဒသန်နှင့် မမယုဒသန်တို့သည် ပြည့်ဝသောဆက်ကပ်မှုနှင့် နေ့မအား ညမနား သာသနာ ပြုပြီး၊ (၆)နှစ်အတွင်း တိုင်းရင်းသားထဲမှ အဦးဆုံး ပြောင်းလဲလာသော ဦးနောကို ရရှိလာပါသည်။ ထို့နောက် အခြားသော သာသနာပြုများလည်း ရောက်ရှိပြီး၊ မြန်မာပြည် နေရာအနှံ့အပြား၌ ဆက်လက် သာသနာပြုကြပါ သည်။ တိုင်းတစ်ပါးမှ ရောက်ရှိလာသော သာသနာပြုများ၊ တိုင်းရင်းသား ယုံကြည်သူများ၏ဆက်ကပ်မှုဖြင့် သာသနာတော်သည် တဖြည်းဖြည်းနှင့် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လာခဲ့ပါသည်။ သာသနာလုပ်ငန်း ပိုမိုကျယ်ပြန့် လာရန်အတွက် ၁၈၆၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်တွင် ရန်ကုန်မြို့ မြန်မာပြည် သာသနာပြု စည်းဝေးကြီး (Burma Baptist Missionary Convention) ကို စတင် တည်ထောင်ခဲ့ပါသည်။ ခေတ်ကာလ၏ ပြောင်းလဲမှုကြောင့် ၁၉၅၄ ခုနှစ်တွင် သာသနာပြု (Missionary) ဟူသော စကားလုံးကို ပယ်ဖျက်ပြီး၊ မြန်မာပြည်လုံး နှစ်ခြင်း စည်းဝေးကြီးဟူ၍ ပြင်ဆင်ခဲ့ပါသည်။ နောက်တဖန် ခေတ်ကာလ ပြောင်းလဲမှုကို အခြေခံလျက် ၁၉၇၁ ခုနှစ်မှစ၍ Burma Baptist Convention ဟူ၍ ပြောင်းလဲလာကာ၊ ယခုအချိန်တွင် Myanmar Baptist Convention (မြန်မာ နိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်) ဟူ၍ ခေါ်တွင်စေပါသည်။

မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်သည် အမိမြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လူမျိုး နွယ်စုအားလုံးကို ခြုံငုံလျက် လူမျိုးစုနှင့်ဒေသန္တရအဖွဲ့ချုပ်(၁၈)ပါး၊ တိုက်ရိုက်ဆက်သွယ်သော အသင်းတော်(၂)ပါးကို အခြေခံ၍ ဖွဲ့စည်းထားသော အသင်းချုပ်ဖြစ်ပြီး၊ သုံးနှစ်တစ်ကြိမ် သင်းလုံးကျွတ်စည်းဝေးကြီး (General Assembly)၊ နှစ်စဉ် အုပ်ချုပ်စီမံရေးအဖွဲ့ စည်းဝေး (Board of Management)၊ တစ်နှစ်လျှင် နှစ်ကြိမ် အမှုဆောင်အဖွဲ့ စည်းဝေး (Executive Committee)တို့ကို ပြုလုပ်ကျင်းပလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် နှစ်ခြင်းအသင်းတော် အများစုဖြစ်သော နိုင်ငံ(၅)ခုထဲတွင် တစ်ခု အပါ အဝင်ဖြစ်ပါသည်။ ၎င်းနိုင်ငံတို့မှာ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးလ်၊ နိုင်ဂျီးရီးယား၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ဖြစ်ပါသည်။

MBC သည် အမေရိကန်နှစ်ခြင်းအသင်းတော်များအဖွဲ့ (American Baptist Churches – ABC)၊ ကမ္ဘာ့ အသင်းတော်များကောင်စီ (World Council of Churches–WCC)၊ ကမ္ဘာ့ ခရစ်ယာန်ဆက်သွယ်ရေးအဖွဲ့ (World Association for Christian Communication – WACC)၊ အာရှခရစ်ယာန်ကွန်ဖရင့် (Christian Conference of Asia – CCA)၊ ကမ္ဘာ့နှစ်ခြင်း သဟာယ (Baptist World Alliance–BWA)၊ အာရှပစိဖိတ်နှစ်ခြင်း အဖွဲ့ချုပ် (Asia–Pacific Baptist Federation – APBF) တို့၌ ပါဝင်လျက်ရှိသည်။ နှစ်ခြင်းအသင်းတော်များ၏ ဦးတည်ချက်တစ်ခုဖြစ်သည့်အတိုင်း သာသနာပြုခြင်းနှင့် ဧဝံဂေလိလုပ်ငန်းကို ဦးစားပေး လုပ်ကိုင်လျက်ရှိရာ ၂၀၀၃ ခုနှစ်မှစ၍ ရွှေပြည်မြန်မာနှစ်ခြင်းသာသနာစီမံကိန်း(Golden Myanmar Baptist Mission)ဖြင့် မြန်မာပြည် တစ်ဝန်းလုံး သာသနာပြုခြင်းကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

နှစ်ခြင်းအသင်းတော်၏ ယုံကြည်ခြင်းကို လေ့လာသောအခါ နှစ်ခြင်းအသင်းတော်များသည် (၁၆)ရာစု

တွင် အသင်းတော်ပြုပြင်ရေး၌ ပါဝင်သော အခြားပရိုတက်စတင့်(Protestant) ခရစ်ယာန်များနှင့် မကွာခြားလှပါ။ ထိုနည်းတူစွာ စီအီး(၃၂၅)ခုနှစ်တွင် Nicea မြို့၌ ပြုလုပ်ကျင်းပသော Nicea ကောင်စီတွင် ပြဋ္ဌာန်းခဲ့သော နိစိန်ယုံကြည်ချက် (Nicence Creed) ကိုလည်း အကြွင်းမဲ့ ယုံကြည်လက်ခံကြပါသည်။ နှစ်ခြင်းအသင်းတော်များနှင့် အခြား အသင်းတော်များ ခြားနားစေသောအချက်များမှာ အဓိက ခရစ်ယာန် ယုံကြည်ခြင်းကြောင့် မဟုတ်ပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခြေခံကျသောယုံကြည်ခြင်း၊ သွန်သင်ခြင်း (Doctrine) များ၌ နှစ်ခြင်းအသင်းတော်များသည် အခြားသော ပင်မ ခရစ်ယာန်အသင်းတော်၊ ပင်မဂိုဏ်းဂဏများ နှင့် မကွာခြားလှပါ။ ယေဘုယျဆိုရသော် တူညီကြပါသည်။ သို့ရာတွင် နှစ်ခြင်းအသင်းတော်များကို ထူးခြားစေသောအချက်များသည် နှစ်ခြင်းအသင်းတော်များက သမ္မာကျမ်းစာကို အခြေခံပြီး၊ ခေတ်အဆက်ဆက်၊ နှစ်အဆက်ဆက် တို့မှ ပြုပြင်ရေးသမားများ (Reformers – Zwingli, John Smith, Ulrich) စသည်တို့၏ အတွေးအခေါ် ခံယူ ချက်များကို စုစည်းရာမှ ဖော်ထုတ်ပြဋ္ဌာန်းခဲ့သော နှစ်ခြင်းတို့၏ ဝိသေသရပ်တည်မှုများ(Baptist Distinctives) ကြောင့်သာ ဖြစ်ပါသည်။

## ၃။ သာသနာ စတင်သည့်ခုနှစ်

၁၈၁၃ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်

## ၄။ အသင်းချုပ် စတင်တည်ထောင်သည့်ခုနှစ်

၁၈၆၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်

## ၅။ စတင်တည်ထောင်သူ

ဆရာကြီးယုဒသန်နှင့် အမေရိကန်နှစ်ခြင်းသာသနာပြုများ

## ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၁၄ ခုနှစ်

## ၇။ အသင်းချုပ်ရုံးလိပ်စာ

အမှတ်(၁၄၃)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၁၈–၂၂၃၀၉၆, ၀၁၈–၂၁၂၈၅၉

## ၈။ အထူးနေ့

ယုဒသန်နေ့ (Judson Sunday) ဇူလိုင်လ(၁၃)ရက်နှင့်အနီးဆုံးတနင်္ဂနွေနေ့

# မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်)

### ၁။ ရူပါရုံ

နိုင်ငံတော်တည်ထောင်ခြင်း၊ အလိုတော်ပြည့်စုံခြင်းများသည် ကောင်းကင်ဘုံ၌ကဲ့သို့ မြေကြီးပေါ်မှာ စုံလင်ပါစေသော။ (မဿဲ ၆ : ၁၀ )

### ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံသမိုင်းအကျဉ်း

၁၈၂၅ခုနှစ်တွင် ဗြိတိသျှစစ်မှုထမ်းများ၏ ဝိညာဉ်ရေးကို ကြည့်ရှုရသော အင်္ဂလိကန် ဘုန်းတော်ကြီးများ မြန်မာပြည်သို့ စတင်ရောက်ရှိခဲ့ကြသည်။ ၁၈၅၄ ခုနှစ်တွင် SPG (Society for the Propagation of the Gospel) က သာသနာပြုလုပ်ငန်းများကို စတင်ခဲ့ပြီး၊ ၁၈၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် SPG ၊ Mission to Seamen၊ Winchester Mission၊ သာသနာပြုစိတ်အားထက်သန်သော ဘုန်းတော်ကြီးများနှင့် တပည့်တော်များမှ စုပေါင်း၍ ကြိုးစားအားထုတ်မှုဖြင့် မြန်မာပြည်အင်္ဂလိကန် အသင်းတော်ကို ရန်ကုန် သာသနာပိုင်နယ် (Rangoon Diocese) အမည်ဖြင့် အစပြုခဲ့ပါသည်။ ထိုစဉ်က ကလကတ္တားသာသနာပိုင်ချုပ်နယ်၏ လက်အောက်ဖြစ်ခဲ့သော်လည်း ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မြန်မာနိုင်ငံခရစ်ယာန် အသင်းတော် (The Church of The Province of Myanmar) အမည်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်သော သာသနာပိုင်ချုပ်နယ်ကို အစပြုခဲ့ပါသည်။

### ၃။ သာသနာစတင်သည့်ခုနှစ်

၁၈၇၇ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၄) ရက်

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၇၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်

### ၅။ စတင်တည်ထောင်သူ

Bishop J.H.Titcomb

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၁၄ ခုနှစ်

### ၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ

၁၄၀ ၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၉၂၅၀၄၃၉၅၄၈

### ၈။ အထူးနေ့

သာသာနာပိုင်ချုပ်နယ်နေ့ ၊ ဖေဖော်ဝါရီလ (၂၄) ရက်

# ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)

## ၁။ ရှုပါရုံ

(၁) မက်သဒစ်အသင်းတော်များ ပေါင်းစည်းညီညွတ်လျက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်။
(၂) အသင်းတော်များကို အခြေပြုလျက် တပည့်တော်များမွေးထုတ်ပေးရန်။
(၃) ခရစ်တော်၏ မေတ္တာတရားနှင့် ဧဝံဂေလိတရားကို မြန်မာပြည်မှအစပြုလျက် ကမ္ဘာလောကကြီးသို့ ကြိုးစား ပို့ဆောင်ပေးရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သာသနာ့လုပ်ငန်းများကို အမေရိကန်နိုင်ငံ မက်သဒစ် အီပီစကိုပယ် အသင်းတော်ကြီး (The Methodist Episcopal Church ) မှ ၁၈၇၉ ခုနှစ်တွင် ရန်ကုန်မြို့၌ အစပြုခဲ့ပါသည်။ အမေရိကန် မက်သဒစ် သာသနာပြုဆရာ Rev ဂျေ အမ်သိုဘမ်း( Rev J M Thoburn ) သည် ၁၈၇၄ ခုနှစ်တွင် သာသနာ့တာဝန်များကို ထမ်းဆောင်ရန် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ရောက်ရှိခဲ့ပါသည်။ အိန္ဒိယသို့ရောက်ပြီး များမကြာမီ ရန်ကုန်မြို့တွင် နေထိုင်သော ခရစ်ယာန်များနှင့် အဆက်အသွယ်ရရှိပြီး မြန်မာပြည်သို့သွားရောက်ကာ သာသနာ့လုပ်ငန်းများ အစပြုရန်ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်။ Rev ဂျေအမ်သိုဘမ်းသည် များစွာသော သာသနာ့လုပ်ငန်းများနှင့် အလုပ်ရှုပ်နေခဲ့ပြီး ငါးနှစ်ခန့် အကြာမှ ရန်ကုန်မြို့သို့ ခရီးပြုရန် အခြေအနေတစ်ခုကို ဘုရားသခင်ပြင်ဆင်ပေးခဲ့ပါသည်။ အကြောင်းမှာ ဘုရားသခင်၏နှိုးဆော်မှုဖြင့် အမေရိကန်ပြည် Rock River Annual Conference of The Methodist Episcopal Church ၏ ၁၈၇၈ ခုနှစ် နှစ်စဉ်စည်းဝေးကြီးတွင် အလှူငွေများ ကောက်ခံကာ မြန်မာပြည်သို့ သာသနာပြုဆရာတစ်ပါး စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းကောင်းကို ကြားခဲ့ရပါသည်။ ထိုသာသနာပြုဆရာသည် အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်မှ ဖြစ်ပြီး သူ၏အမည်မှာ Rev အာအီးကာတာ (Rev Robert E Carter) ဖြစ်ပါသည်။ သာသနာပြုဆရာ နှင့်ဇနီးသည် ရန်ကုန်မြို့ကိုရောက်ကြောင်း ကြေးနန်းစာရသောအခါ ဘုရားသခင် အလိုရှိပါက ရန်ကုန်မြို့၌ အမှုတော် တစ်စုံတစ်ရာကို လုပ်ကိုင်နိုင်မည်ဟု ယုံကြည် မျှော်လင့်လျက် မြန်မာပြည် ခရီးစဉ်ကို ကာလကတ္တားမြို့မှ မိတ်ဆွေဖြစ်သူ Rev F A Goodwin နှင့် အစပြုခဲ့ကြပါသည်။ Rev ဂျေအမ်သိုဘမ်းသည် ၁၈၇၉ ဇွန်လ ၂၂ ရက်နေ့ တနင်္ဂနွေနေ့ ရန်ကုန်မြို့သို့ရောက်ရှိပြီး၊ Rev အာအီးကာတာ မှာ ၁၈၇၉ ခုနှစ် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့သို့ အနည်းငယ်စောလျက် ရောက်ရှိခဲ့ပါသည်။ အထက်ပါ ခရီးစဉ်တွင် ရန်ကုန်မြို့၏ အဓိကလမ်းမကြီးနှစ်ခုထောင့်မှာ ဘုရားကျောင်းနဲ့ သင်းအုပ်နေအိမ်ဆောက်လုပ်မည့် မြေတကွက်ကို ရရှိခဲ့ပါ သည်။ အသင်းသား ခြောက်ဆယ်၊ ခုနှစ်ဆယ်မျှရှိသော အသင်းတော်တစ်ပါးကို ဖွဲ့စည်းနိုင်ခဲ့ပြီး၊ ဥပုသ်စာခြေ

ကျောင်းတခုအစပြုနိုင်ခဲ့ပါသည်။ ပထမသုံးလ တစ်ကြိမ်စည်းဝေးနှင့်အတူ ဒေသန္တရ တရားဟောဆရာတစ်ဦးနှင့် နှိုးဆော်ဆရာ နှစ်ဦး၊ သုံးဦးကို လိုင်စင်ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ ပထမဆုံး အစုငယ်ဝတ်ပြုခြင်း (Class Meeting) နှင့်အတူ မိတ်သဟာရ စားပွဲကို ကျင်းပနိုင်ခဲ့ပြီး လမ်းမပေါ် သတင်းကောင်းဝေမျှခြင်းကို ဘာသာစကား သုံးမျိုးဖြင့် ဝေမျှနိုင်ခဲ့ခြင်းဖြင့် သာသနာလုပ်ငန်းများကို အစပြုခဲ့ကြပါသည်။

### ၃။ သာသနာစတင်သည့်ခုနှစ်

၁၈၇၉ခုနှစ်၊ မေလ

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၈၇၉ခုနှစ်၊ ဂျွန်လ

### ၅။ စတင်တည်ထောင်သူ

အမေရိကန်နိုင်ငံ မက်သဒစ် အီပီစကိုပယ် သာသနာပြုဆရာများဖြစ်သော–

(၁)Rev ဂျေ အမ်သိုဘမ်း( Rev J M Thoburn )

(၂) Rev အာအီးကာတာ (Rev Robert E Carter)

(၃) Rev အက်ဖ်အေ ဂေါ်ဒဝင် (Rev F A Goodwin)

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၁၄ ခုနှစ်

### ၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ

အမှတ် ၃၂၁ ၊ မြို့မကျောင်းလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့။
၀၉၄၂၀၇၅၂၉၄၅၊ ၀၉၇၉၇၂၆၉၇၁၂။ methodistlm@gmail.com

### ၈။ အထူးနေ့များ

ဓမ္မအမှုတော်ဆောင်များနေ့(အောက်တိုဘာလ၊ ဒုတိယတနင်္ဂနွေနေ့)

# မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်)

## ၁။ ရူပါရုံ

မက်သဒစ်အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးနှင့် အသစ်သော သာသနာ လုပ်ငန်းများ တိုးတက်ကြီးထွားရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

အထက်မြန်မာပြည်မန္တလေးတွင်သာသနာပြုရန် အင်္ဂလန်ပြည်မှ သိက္ခာတော်ရ ဆရာ ဂျေ၊ အိတ်ချ်၊ ဘိတ်ဆင် (Rev. J. H. Bateson) ကို ဗြိတိသျှစစ်သားများအတွက် ဘာသာရေး လုပ်ငန်းများ တာဝန်ယူရန် စေလွှတ်ခဲ့ပါသည်။ ထိုထက်မက သာသနာလုပ်ငန်းကို လက်တွေ့ လုပ်ကိုင်နေသူ၊ ကာလကတ္တားဒိစတြိတ် ဂိုဏ်းအုပ်ဆရာတော် Rev. Jonn Milton Brown နှင့် သီရိလင်္ကာမှ သာသနာပြုဆရာကြီး Rev.W.R.Wiston တို့ကို မန္တလေးမြို့၌ သာသနာလုပ်ငန်း ဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိမရှိ စုံစမ်းလေ့လာရန် လန်ဒန်မြို့ရှိ သာသနာရုံးတော် မှ စေလွှတ်ခဲ့ပါသည်။ ရှေးဦးသာသနာပြုဆရာကြီးများသည် မန္တလေးမြို့သို့ ၁၈၈၇ ခုနှစ်အစ၌ ရောက်ရှိခဲ့ပါသည်။ ထိုစဉ်အချိန်က အင်္ဂလိပ်တို့သည် အထက်မြန်မာပြည်ကို သိမ်းပြီးခါစ အခြေအနေ ဖြစ်နေ၍ အင်္ဂလိပ်-မြန်မာတို့မှာ စိမ်းကားလျက်ပင်ရှိနေသေး၏။ ဆရာကြီးဘိတ်ဆင်မှာ မက်သဒစ် ဂိုဏ်းထောက်အနေဖြင့် မန္တလေးသို့ ပထမဦးဆုံးရောက်ခဲ့သူဖြစ်ပါသည်။ မန္တလေး၌ တစ်နှစ်မျှသာနေရန် အစိုးရထံတွင် သဘောတူထားပါသည်။ တစ်နှစ်တာ အမှုတော် ဆောင်ရွက်ခဲ့ရာ အလွန်ပင်ခရီးရောက်ခဲ့ပါသည်။ နိုင်ငံခြားတွင် အမှုတော် ဆောင်ရွက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး၊ စစ်တပ်တွင် အားကျိုးမာန်တက် အစွမ်းကုန် အမှုတော်ကို ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

မန္တလေးအရှေ့ပြင်၌ လွတ်လပ်နေသော ကျောင်းတစ်ကျောင်းတွင် ဆရာကြီးဘိတ်ဆင်သည် မိမိ နေအိမ်အဖြစ် နေထိုင်ကာ စစ်သားများ၏ ဝိညာဉ်ရေး၊ လူမှုရေး အစရှိသည်တို့ကို ဆောင်ရွက်ခဲ့ရပါသည်။ ဝတ်ပြုကိုးကွယ် စည်းဝေးများနှင့် ပွဲတော်မင်္ဂလာဝတ်တို့ကိုလည်း နန်းတော်နှင့် အခြားသောဌာနတို့၌ ပြုလုပ်လေ့ ရှိပါသည်။ မူးယစ်သောက်စား ရှောင်ရှားရန်နှင့် လူကိုအန္တရာယ် ဖြစ်စေသောအပြုအမူ အစရှိသည်တို့ကိုလည်း သင်ကြားပေးခဲ့ပါသည်။ ကနဦး ရောက်ရှိလာကြသော သာသနာပြုများသည် သာသနာ့လုပ်ငန်းများဖြစ်သည့် အနာကြီး ရောဂါသာသနာနှင့် ပညာရေးသာသနာများကို ဆေးရုံများတည်ထောင်ခြင်း၊ ကျောင်းများဖွင့်လှစ်ခြင်း အားဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ၁၉၆၄ခုနှစ်မှစ၍ ကိုယ်ပိုင်အုပ်ချုပ်သော မက်သဒစ်အသင်းတော် ဖြစ်လာပါ သည်။ ဤနှစ်အား သမိုင်းအသစ်သို့ ကူးပြောင်းသည့် ကိုယ်ပိုင်အုပ်ချုပ်သော မက်သဒစ်အသင်းတော်၏ ကွန်းဖရင့်ကြီး ဖွားမြင်သည့် အထူး ဝိသေသနှင့် ပြည့်စုံသောနှစ်ဟု မှတ်တမ်းတင်ထိုက်ပါသည်။ ထိုနှစ်မှစ၍

ယခင် ဇရိယာ ကောင်စီဖြင့် အုပ်ချုပ်ခဲ့သော ဒေသန္တရ အသင်းတော်ဖြစ်သည့် တာဟန်း၊ စွန်ပရာနယ်နှင့် မန္တလေးနယ်တို့သည် ဒီစတြိတ်အဆင့်သို့ အားလုံးတိုးမြှင့်ခြင်းခံခဲ့ရပါသည်။ နေ့ချင်းညချင်း ပြောင်းလဲနေသော အခြေအနေတွင် အုပ်ချုပ်ရေး အဆင်ပြေ ချောမွေ့စေရန်အတွက် အထူးဆင်းနေ့ အစည်းအဝေးကို ၁၉၆၄ခုနှစ်၊ ဇူလိုင်လ (၃၀-၃၁) ရက်နေ့များတွင်ခေါ်ယူ၍ လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲခဲ့ကြသည်။ ဤသို့ဖြင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ကိုရယူပြီး သာသနာ့ခရီးကို ဆက်လှမ်းကာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ တွင် ပါဝင်လျက် အမှုတော်ကို ဆက်လက် ဆောင်ရွက်နေသော အသင်းတော်ဖြစ်ပါသည်။

### ၃။ သာသနာစတင်သည့်ခုနှစ်
၁၈၈၇ ခုနှစ်

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်
၁၈၈၇ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယတနင်္ဂနွေ)

### ၅။ စတင်တည်ထောင်သူ
သိက္ခာတော်ရဆရာကြီးဂျေအိပ်(ချ်)ဘိတ်ဆန် (Rev. J. H. Bateson)

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ဝင်ရောက်သည့်ခုနှစ်
၁၉၁၄ ခုနှစ်

### ၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ
လမ်း ၂၈၊ ၆၈ x ၆၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။
၀၂-၄၀၃၉၄၀၂၊ ၀၉၄၄၄၂၂၂၉၂၀

### ၈။ အထူးနေ့
နိုဝင်ဘာလ (၁၂) ရက် - Upper Myanmar Methodist Sunday

# လူသာရင်ဗက်သလီဟင်း (မ) အသင်းတော်

## ၁။ ရှုပါရုံ

- လူတိုင်းကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိရန် (၁ တိ ၂ : ၄)
- အသင်းသူအသင်းသားများ ဝိညာဉ်ရေးရှင်သန်ကြီးထွားပြီး တပည့်တော်စစ်ဖြစ်ရန် (ရှင်မသဲ ၂၈:၁၉)
- အငယ်ဆုံးသောသူအားကူညီမစရန် (လုကာ ၄ : ၁၉)

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

**The Migration (ပြောင်းရွှေ့လာခြင်း)**

၁၈၆၈ ခုနှစ်တွင် (Southern India) မှ အိန္ဒိယလူမျိုးများ မြန်မာနိုင်ငံ Rangoon (ယခုရန်ကုန်မြို့)တွင် မိမိတို့ သက်ဆိုင်ရာအလုပ်အကိုင်များအရ အခြေချတာဝန်ထမ်းဆောင်ရန် ရောက်ရှိလာခဲ့ကြပါသည်။

၁၈၇၀ခုနှစ်တွင် မိသားစု (၁၂)အိမ်ထောင်ပါဝင်သော Tanjore, Coimbatore, Tranquebar, Trichi-napolly, Mayavaram and Madras စသောမြို့အသီးသီးမှ တမီလ်လူသာရင် ယုံကြည်သူများသည် မိမိတို့ ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်အတူ မိမိတို့ ပိုင်ဆိုင်မှုများသာမက ဘိုးဘေးတို့မှ လက်ဆင့်ကမ်း အမွေဆက်ခံခဲ့သော Evangelical Lutheran Faith ကိုပါ တပါတည်း ယူဆောင်လာခဲ့ကြသည်။

၁၈၇၇ ခုနှစ်၊ ဇွန်လတွင် အိမ်ရှင် Leipzig Committee မှ Rev. K. Ihlfeld က Rev. Johannes Andreas Mayr ကို ကိုယ်စားစေလွှတ်၍ ရန်ကုန်မြို့တွင် အနာဂတ် သာသနာပြုရေး ကိစ္စရပ်များအား လာရောက်ဆွေးနွေးပြီးနောက် ၁၈၇၈ ခုနှစ်၊ ဧပြီလတွင် ဘုရားသခင်၏ ပြောမကုန်နိုင်သော ဆုကျေးဇူးကောင်းချီးမင်္ဂလာအားဖြင့် Tamil Evangelical Lutheran Church ကို (ယခုရန်ကုန်ဘူတာကြီး) တည်ရှိရာ မြေနေရာတွင် စတင်တည်ထောင်နိုင်ခဲ့ပါသည်။ အသင်းတော်သာသနာ လုပ်ငန်းများအဖြစ် Mission School မိဘမဲ့ ကလေးသူငယ်များအား ကြည့်ရှုပြုစုခြင်းနှင့် အခမဲ့ဆေးကုသပေးခြင်း အစရှိသော အငယ်ဆုံးသောသူများကို မစ ထောက်ပံ့ခြင်း သာသနာများကိုလည်း အစပြုခဲ့ပါသည်။

၁၉၁၀ခုနှစ်တွင် (Land Acquisition Act) အရ Burma Railway Company မှ ရန်ကုန်ဘူတာကြီး ဆောက်လုပ်ရန်အတွင် Tamil Evangelical Lutheran Church တည်နေရာအား လွှဲပြောင်းပေးခဲ့ရပြီး ၁၉၁၁ ခုနှစ်မှ စတင်၍ အမှတ် ၁၈၁-၁၈၃၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ယနေ့တိုင် ဝတ်ပြုကိုးကွယ်လျက် ရှိနေပါသည်။

ပထမကမ္ဘာစစ်ပွဲပြီးနောက် ၁၉၁၉ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် According to the Indian Companies Act အရ India မှတဆင့် လွှဲပြောင်းစာရင်းသွင်းရာ The Tamil Evangelical Lutheran Church မှ The Tamil Evangelical Lutheran Bethlehem Church ဟု (၁၉၂၁)ခုနှစ်တွင် အမည်ပြောင်းလဲခဲ့ပြီး

ပျဉ်ထောင်နှစ်ထပ် အဆောက်အဦတွင် ဝတ်ပြုနေရင်း စေတနာရှင် အလှူရှင်များဖြစ်သော အသင်းဝင်သူများနှင့် Ven Church of Sweden Mission Board တို့မှ ပံ့ပိုးပေးလှူခြင်းအားဖြင့် ဗိမာန်တော်ကို အပြီးသတ်ဆောက်လုပ်နိုင်ခဲ့ပြီး ၁၉၂၁ခုနှစ်၊ ဧပြီ(၂၁)ရက်နေ့တွင် Rt.Rev.Heumann မှ ဗိမာန်တော်သစ်ဖွင့်ပွဲ ဆက်ကပ်ခြင်း အနုမောဒနာကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အိမ်စောင့်အစိုးရ တက်လာပြီးနောက် နိုင်ငံခြားသားများ ပြည်တွင်းမှထွက်ခွာရန် ကြေညာချက်ထုတ်ပြန်ခဲ့သောကြောင့် မြန်မာနိုင်ငံသားဖြစ်သော Mr. J. J. Andrews (a) U Ba Thein အား သင်းထောက်အဖြစ်ခန့်အပ်တာဝန်ပေးခဲ့ပြီး Tranquebar မှ Rt. Rev. C. G. Diel က ၁၉၆၇ ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် ပထမဆုံးပြည်တွင်း ကျောင်းထိုင် ဘုန်းတော်ကြီး အဖြစ် သိက္ခာတင်ပေးခဲ့ပြီး အသင်းတော် အထွေထွေ ကိစ္စရပ်တိုင်းအတွက် စီမံအုပ်ချုပ်ခွင့် အလုံးစုံကို အပ်နှင်းခဲ့ပါသည်။

အသင်းတော်အမည်ဖြစ်သော The Tamil Evangelical Lutheran Bethlehem Church မှ Tamil ဟူသော စကားစုမှာ လူမျိုးစကားကို ပုံဆောင်သကဲ့သို့ ယခင် အိန္ဒိယ အုပ်ချုပ်မှုအောက်တွင် ရှိနေကြောင်းကို သိမြင်စေသောကြောင့်လည်းကောင်း၊ အသင်းတော်၌ မြန်မာနိုင်ငံသားများပါရှိခြင်း အနာဂတ်တွင် သာသနာကို လွတ်လပ်စွာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ လူမျိုးပေါင်းစုံ စိတ်ဓါတ်အမြင် ကြည်လင်စွာ ပါဝင်ဝတ်ပြုကိုးကွယ်နိုင်ရန် Lutheran Bethlehem Church သို့ အမည်ပြောင်းလဲခဲ့ပါသည်။

**The Right hand of Fellowship to a sister church**

အိမ်စောင့်အစိုးရ တက်ပြီးအချိန်ကာလတွင် နိုင်ငံခြားသားပြည်တွင်းမှ ပြန်လည် ထွက်ခွာရန် ကြေညာချက်ထုတ်ပြန်ခဲ့ချိန် ၁၉၆၄ ခုနှစ်တွင် No. 15, U Ba Wah Street (Commissioner Road) တွင်ရှိသော Andhra Evangelical Lutheran Church အသင်းသူ အသင်းသားများသည်လည်း အိန္ဒိယနိုင်ငံသားများဖြစ်၍ မိမိတို့နိုင်ငံသို့ ပြန်သွားရမည် ဖြစ်သောကြောင့် မလွှဲမရှောင်သာသော အခြေအနေအဆုံးတွင် ဗိမာန်တော်အား ၎င်းတို့ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် အသင်းတော် ကော်မတီဝင်များက Evangelical Church of the Assemblies of God သို့ လွှဲပြောင်း ပေးအပ်ခဲ့ကြပါသည်။ AELC အသင်းသားအားလုံးနီးပါးမှာ အမိမြေဖြစ်သော အိန္ဒိယနိုင်ငံသို့ အပြီးအပိုင် ပြန်သွားခဲ့ကြ ပါသည်။

၁၉၆၄ခုနှစ်မှ ၁၉၆၈ခုနှစ်အထိ ကျန်ရစ်ခဲ့သော ယုံကြည်သူများမှာ လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ရန် နေရာအပါအဝင် အခြားသော အခက်ခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ကြရပါသည်။ ယင်းအခြေအနေများကို သိရှိလာသော The Tamil Evangelical Lutheran Bethlehem Church၏ ကျောင်းထိုင်ဘုန်းတော်ကြီး J. J. Andrews ဘုန်းတော်ကြီး၏ ဇနီး Mrs. Hansley Nellie Andrews နှင့် အသင်းတော်ကော်မတီဝင်များက ခရစ်ယာန်တော် ချစ်ခြင်းမေတ္တာစိတ်အားကြီးစွာဖြင့် မိမိတို့နှင့်အတူ ဗိမာန်ပေါင်းစည်းဝတ်ပြုကိုးကွယ်ဖို့ရန် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် သဘောတူလက်ခံခဲ့ပြီး၊ ၁၉၆၈ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့၌ ပေါင်းစည်းခြင်းနေ့ (Affliation Day) စုပေါင်း ဝတ်ပြုကိုးကွယ်ခြင်းကို အစပြုလာခဲ့ကြပါသည်။

၁၉၈၈ခုနှစ် နှောင်းပိုင်းမှစတင်၍ မြို့သစ်စီမံကိန်းများတည်ရှိရာမြို့နယ်များတွင် ဧဝံဂေလိသာသနာပြုခြင်းအားဖြင့် လူမျိုးပေါင်းစုံ ပါဝင်သော တပည့်တော်စုများ ပေါ်ထွက် လာခဲ့ပါသည်။ ဘုန်းတော်ကြီး Jenson Rajan Andrews တာဝန်ယူလာပြီးနောက် ဝတ်ပြု ကိုးကွယ်ခြင်း လစ်တာဂျီများ၊ အစဉ်ရတု၊ လုသာရင် ယုံကြည်ခြင်းများနှင့် သက်ဆိုင်သော စာအုပ်စာပေများအား ဘာသာပြန်ဆိုခဲ့ပြီး Tamil + English, Telugu, Myanmar & Kayin အစရှိသော Section (၄) ခုဖြင့် ဝတ်ပြုကိုးကွယ်လျက်ရှိပါသည်။ Lutheran Bethlehem Church သည် Myanmar Council of Churches စတင်တည်ထောင်ခဲ့ချိန်မှ Ecumenical လုပ်ငန်းများတွင် တက်ကြွစွာပါဝင်သော အသင်းတော်ကြီးဖြစ်ပြီး ၂၀၀၀ ခုနှစ်တွင် The Lutheran World Federation (၂၀၀၀) တွင် အဖွဲ့ဝင်အသင်းတော်ကြီးလည်းဖြစ်လာသကဲ့သို့ ၂၀၁၇ခုနှစ် တွင် Mekong Mission Forum တွင် အဖွဲ့ဝင်အသင်းတော်ကြီးအဖြစ် တည်ရှိလျက်ရှိပါသည်။

### ၃။ သာသနာစတင်သည့်ခုနှစ်

၁၅၁၇ ခုနှစ် အောက်တိုဘာလ (၃၁)

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၈၇၈ ခုနှစ်၊ ဧပြီလ

### ၅။ စတင်တည်ထောင်သူ

Rev. Johannes Andreas Mayr (Leipzig Mission Work–Germany)

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၁၄ ခုနှစ်

### ၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ

အမှတ် ၁၈၁/၁၈၃၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉၂၆၀၇၁၇၃၈၈၊ ၀၉၇၉၉၃၀၈၂၄၅
luke.andrew2006@gmail.com, jenson.andrews@gmail.com

### ၈။ အထူးနေ့

Reformation Days (အသင်းတော်ပြုပြင်ပြောင်းလဲခြင်းနေ့) (အောက်တိုဘာလ (၃၁))

# ရှင်ဂါဗြေလအသင်းတော် ယူနီယံ (ကွန်ဂရီဂေးရှင်းနယ်)

## ၁။ ရှုပါရုံ

ရှေ့မကြာခင်အချိန်ကာလတွင် မြန်မာပြည်ရှိ ခရစ်ယာန်အားလုံး လူမျိုးမရွေး မိမိတို့၏ လူမျိုးစွဲ၊ ဂိုဏ်းဂဏအစွဲများကို ကျော်ဖြတ်ပြီး တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးကျွမ်းဝင်လာကြမည်ဟု မျှော်လင့်ရပါသည်။ အသင်းတော်သည် မြို့၏ အလယ်ဗဟိုတွင်တည်ရှိနေပြီး ခရစ်ယာန်များအားလုံး အတူတကွ လာရောက် ဝတ်ပြုကိုးကွယ်နိုင်မည့် အဓိကနေရာ ဖြစ်လာမည်ဖြစ်ပါသည်။ ဘုရားသခင်၏ ဘုန်းတော်အတွက် ဘုရားသခင် နိုင်ငံတော်သည် မြန်မာပြည်၌ ကျယ်ဝန်းစေဖို့ရန်မှာ ရှင်ဂါဗြေလအသင်းတော်(ကွန်ဂရီဂေးရှင်နယ်)၏ တာဝန်ဖြစ်သည်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

ရှင်ဂါဗြေလအသင်းတော် (S.P.G) အား ၁၈၈၉–၉၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ပထမဦးဆုံးသော ဘုန်းတော်ကြီးမှာ Rev. Samuel Abhishekanathan ဖြစ်ပြီး ၁၈၈၃ ခုနှစ်မှ ၁၈၈၉ ခုနှစ်အထိ တမီလ် ခရစ်ယာန်များအတွက် အစေခံခဲ့ပါသည်။ တမီလ်အင်္ဂလီကန်အများစု (တ/အန္ဒိယ)နှင့် အခြားဂိုဏ်းဂဏများ၊ ပရိုတက်စတင့်လူနည်းစု (တ/အိန္ဒိယ) များလည်း ပါဝင်ကြသည်။ အလွန် အောင်မြင်ကျော်ကြားသော တမီလ်ကျောင်း (ရှင်ဗြေလ အထက်တန်းကျောင်း) သည်လည်း အသင်းတော်နှင့်တွဲလျက် တည်ရှိနေပါသည်။ ဗိမာန်တော်နှင့် စာသင်ကျောင်းတည်ရှိရာမြေကွက်နှင့် အနောက်ဘက်ခြမ်းရှိ ဘေးချင်းယှဉ်လျက်ရှိသော မြေကွက်ပေါ်တွင် ရန်ကုန်မြူနီစပယ် ကော်ပိုရေးရှင်းမှ မြူနီစပယ်ဈေးရုံ ဆောက်လုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရန်ကုန်သာသနာပိုင်မှ ရန်ကုန်ကော်ပိုရေးရှင်းသို့ ဗိမာန်တော်နှင့် မြေနေရာပစ္စည်းများကို တရားဝင် ရောင်းချခဲ့သည်။ အချို့ဝတ်ပြုကိုးကွယ်သူများ (အင်္ဂလီကန်)သည် သာသနာပိုင် နောက်သို့ လိုက်ပါသွားပြီး ဝတ်ပြုကိုးကွယ်ရန် နေရာသစ်မရမီစပ်ကြား ကသီဒြယ်ဘုရားကျောင်းတွင် ခေတ္တယာယီ ဝတ်ပြုကိုးကွယ်ရန် နေရာပေးခဲ့ပါသည်။ ထိုအချိန်ကာလစပ်ကြားတွင် ဘုရားလမ်း၌ မြေနေရာရရှိခဲ့ပြီး ဗိမာန်တော်နှင့် စာသင်ကျောင်း ဆောက်လုပ်ခဲ့သည်။ သန့်ရှင်းသောဗိမာန်တော်ကိုဖြိုဖျက်ပြီး မြူနီစပယ် ဈေးရုံဆောက်လုပ်မည်ကို မလိုလားကြသည့် အချို့သော အင်္ဂလီကန်အသင်းသူ အသင်းသားများနှင့် အခြားဂိုဏ်းဂဏမှ အသင်းသူ/သားများသည် ထိုအချိန်က ဗိမာန်တော်ဟောင်း၌ အတူတကွ ဝတ်ပြုကိုးကွယ်လျက်ရှိကြပါသည်။ ၁၉၂၅ခုနှစ်တွင် အဆောက်အဦး မြေနေရာနှင့် ဗိမာန်တော်တွဲလျက်ရှိသော သင်းအုပ် နေအိမ်တို့အား ရန်ကုန်ကော်ပိုရေးရှင်းထံမှ ပြန်လည် ဝယ်ယူနိုင်ရန် ညှိနှိုင်းခဲ့ကြပါသည်။ ထိုနှစ်တွင်ပင် ကျန်ခဲ့သောဝတ်ပြုသူများမှာ ထိုပိုင်ဆိုင်မှုကို လက်ဝယ်ရယူပြီး အဆောက်အဦး၊ မြေနေရာ၊ ဗိမာန်တော်နှင့်တွဲလျက်ရှိသော သင်းအုပ်နေအိမ်တို့အား ရန်ကုန်

ကော်ပိုရေးရှင်းထံမှ ပြန်လည်ဝယ်ယူခဲ့သည်။ ၁၉၂၅ခုနှစ်၊ စက်တင်ဘာလတွင် ပြန်လည်ဝယ်ယူနိုင်ခဲ့ပြီး လွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် ကိုယ်ထူကိုယ်ထ ဂိုဏ်းပေါင်းစုံအသင်းတော် (မြန်မာပြည်)ဟု ဝိညာဉ် ရေးရာ အခြေခံအုတ်မြစ်ကို ချနိုင်ခဲ့ပါသည်။ အသင်းတော်အား "အိန္ဒိယမြန်မာ အသင်းတော်" မြန်မာပြည်ရှိ အိန္ဒိယလူမျိုးများအတွက် အသင်းတော်ဟူ၍ခေါ်တွင်ခဲ့ပါသည်။ ဗိမာန်တော်သစ်တွင် အစေခံရန် ပထမဦးဆုံး သော ဘုန်းတော်ကြီး Rev. Samuel Packianathan (အငြိမ်းစား အင်္ဂလီကန် ဘုန်းတော်ကြီး) အား အိန္ဒိယနိုင်ငံ တောင်ပိုင်းမှ ဖိတ်ခေါ်ခဲ့ပြီး၊ ၁၉၂၅ခုနှစ် ဩဂုတ်လမှ ၁၉၂၇ ခုနှစ်အထိ (၂)နှစ်တာ သစ္စာရှိစွာ အစေခံခဲ့ပါသည်။ Rev. G.P. Charles ၁၉၃၀ ခုနှစ်တွင် အသင်းတော်၏ ဖိတ်ခေါ်ချက်အရ မြန်မာပြည်သို့ရောက်ရှိလာခဲ့ပြီး၊ ပထမဦးဆုံးသော ကွန်ကရီဂေးရှင်နယ် (Congregational) အသင်းတော်၏ ဘုန်းတော်ကြီး၊ သင်းအုပ်အဖြစ် သိက္ခာတင်ခြင်း ခံခဲ့ပါသည်။ ၁၉၃၀–၁၉၆၅ခုနှစ် ကာလအတွင်း အသင်းတော်၌ သစ္စာရှိစွာ အစေခံခဲ့ပါသည်။ Rev. G.P. Charles သည် ဗမာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ (Burma Christian Council) ယခု (MCC) တွင် အထွေထွေ အတွင်းရေးမှူးအဖြစ် ၁၉၅၄ခုနှစ်မှ ၁၉၆၀ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

### ၃။ သာသနာ စတင်သည့်ခုနှစ်

၁၉၂၅ ခုနှစ်

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၂၅ခုနှစ်၊ စက်တင်ဘာလ

### ၅။ စတင်တည်ထောင်သူ

အသင်းသူ/အသင်းသားများ

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၅၄ ခုနှစ်

### ၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ

အမှတ် (၃၈၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း)
၀၉၇၈၂၄၄၅၃၅၀, ၀၉၄၅၉၈၃၁၀၀၄

### ၈။ အထူးနေ့

ကောက်ရိတ်သိမ်း ကျေးဇူးတော် ချီးမွမ်းကိုးကွယ်ခြင်း (အောက်တိုဘာ ပထမပတ်)

# ကယ်တင်ခြင်းတပ်အသင်းတော်

## ၁။ သာသနာ့ကြေညာချက်

ကယ်တင်ခြင်းတပ်အသင်းတော်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး၊ ဧဝံဂေလိလုပ်ငန်းကို စိတ်အားထက်သန်သော ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်အသင်းတော်တစ်ပါး ဖြစ်သည်။ တရားတော်သည် သမ္မာကျမ်းစာကို မူတည်သည်။ အမှုတော်သည် ဘုရားကို ချစ်သောမေတ္တာမှ ပေါက်ပွားလာသည်။ သာသနာတော်သည် သခင်ယေရှုခရစ်၏ ဝမ်းမြောက်ဖွယ်သတင်းကို ဟောကြားရန်နှင့် လူသားတို့၏ လိုအပ်ချက်များကို ခွဲခြားမှုမရှိဘဲ ကိုယ်တော်ရှင်၏ နာမတော်မြတ်၌ ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

ကယ်တင်ခြင်းတပ်အသင်းတော်ကို ၁၈၆၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ အရှေ့ပိုင်းတွင် ဗိုလ်ချုပ်ကြီး ဝီလျံဘုသ်မှစတင်တည်ထောင်ခဲ့သည်။ ကယ်တင်ခြင်းတပ်အသင်းတော်သည်အခြားခရစ်ယာန်အသင်းတော်များနှင့်မတူ၊ တမူထူးခြားစွာ တပ်မတော်ဖွဲ့စည်းပုံစံဖြင့် ဖွဲ့စည်းထားပါသည်။ ကယ်တင်ခြင်းတပ် အသင်းတော်ကို စတင်တည်ထောင်သူ ဝီလျံဘုသ်သည် မက်သဒစ်အသင်းတော်၏ ဓမ္မဆရာတစ်ဦး ဖြစ်ခဲ့ပြီး၊ အင်္ဂလန်နိုင်ငံတွင် စက်မှု တော်လှန်ရေးကာလ၌ လူတို့၏လူမှုဒုက္ခများကို ကိုယ်တိုင်တွေ့မြင်ရသော ဆရာကြီးအဖို့ များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ထိုလူမှုဒုက္ခအပေါင်းမှ ကယ်တင်ရန် ဆရာကြီးသည် နည်းလမ်း အမျိုးမျိုးကို တွေးတောရှာကြံခဲ့ပါသည်။ နောက်ဆုံးတွင် ဆရာကြီးသည် လူမှုဒုက္ခရောက်နေသော အလုပ်သမားလူတန်းစားတို့အား လူမှုရေးအရ ကြည့်ရှုစောင်မ၍ ကယ်တင်ခဲ့ပါသည်။ ဆရာကြီးသည် မက်သဒစ်အသင်းတော်မှ နှုတ်ထွက်၍ ကယ်တင်ခြင်းတပ်၏ အစကနဦး အသင်းတော်ဖြစ်သော 'ခရစ်ယာန်မစ်ရှင်အသင်းတော်'ကို လန်ဒန်အရှေ့ပိုင်းတွင် စတင် တည်ထောင်ခဲ့ပါသည်။ စတင်တည်ထောင်ခါစတွင် ဆရာကြီး၏ နောက်လိုက်တပည့်များသည် ပညာမဲ့လူတန်းစားများနှင့် ဘဝကြမ်းတမ်းစွာ ရုန်းကန် လှုပ်ရှားရသောသူများသာဖြစ်ပါသည်။ ၁၈၇၈ ခုနှစ်တွင် ဆရာကြီးသည် အသင်းတော်ကို ခရစ်ယာန်မစ်ရှင် အသင်းတော်မှ 'ကယ်တင်ခြင်းတပ်အသင်းတော်" ဟူ၍ အသင်းတော်ကို တပ်မတော်ပုံစံဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ အသင်းတော်၏ အမှုတော်ဆောင်များနှင့် အသင်းသားများကိုလည်း အခြားသော အသင်းတော်များ၏ အမှုတော်ဆောင်များ၊ အသင်းသားများနှင့် ကွဲပြားမှုရှိစေရန် တူညီဝတ်စုံ (uniform) များကို ဝတ်ဆင်လျက် လိုက်နာရန် စည်းမျဉ်းဥပဒေသများကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ကယ်တင်ခြင်းတပ်အသင်းတော်သည် လူမှုရေးနှင့် ဝိညာဉ်ရေးရာ ကယ်တင်ခြင်းကို ဆောင်ရွက်နေသော အသင်းတော်တစ်ပါးဖြစ်ပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း (၁၂၆) နိုင်ငံ၌ ကယ်တင်ခြင်းတပ်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

**၃။ သာသနာ စတင်သည့်ခုနှစ်**

၁၉၁၅ ခုနှစ်။

**၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်**

၁၉၁၅ခုနှစ်၊ စက်တင်ဘာလ

**၅။ စတင်တည်ထောင်သူ**

ဗိုလ်ချုပ်ကြီးဝီလျံဘုသ် (General William Booth)။

**၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်**

၁၉၅၆ ခုနှစ်

**၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ**

အမှတ် (၄၀၆)၊ ဗညားဒလလမ်း၊ တာမွေ၊ ရန်ကုန်။

၀၉၄၅၅၂၇၁၅၇၆

**၈။ အထူးနေ့**

Founder's Day (July 2)

# အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်း ခရစ်ယာန်သာသနာပြုအသင်း

## ၁။ ရူပါရုံ

- အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်းတွင် ပါဝင်ဖွဲ့စည်းသော အသင်းတော်များ အသီးသီး ဘက်စုံခွန်အား သန်စွမ်းတိုးတက်၍ စည်းလုံး ညီညွတ်စေရန်။
- အသင်းတော်များကို အခြေပြု၍သခင်ခရစ်တော်၏ တရားတော်ကို နှစ်ခြင်းအသင်းတော်များ၏ ထုံးတမ်းအရ သင်ကြားပို့ချပေးရန်။
- အခြားဂိုဏ်းဂဏအသင်းတော်ကြီးများနှင့် တူညီသောအဖွဲ့အစည်းများတွင် တွဲဖက် ဆောင်ရွက်ခြင်းဖြင့် ခရစ်တော်၏ မေတ္တာတရားတော်ကို ပိုမိုပေါ်လွင်စေရန်။
- အသင်းချုပ်သည် မြန်မာပြည်တွင်းနှင့် ပြည်ပတိုင်းပြည်များသို့ ခရစ်ယာန်သာသနာပြုရန်။
- အသင်းချုပ်ကြီး၏ ဧဝံဂေလိသာသနာပြုရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသင်းသား၊ အသင်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေစုဆောင်းအသုံးပြုရန်။
- အသင်းချုပ်ကြီးသည် အဆင့်မြင့်ဓမ္မပညာ(ကျမ်းစာ)ကျောင်းတစ်ကျောင်းဖွင့်လှစ်ရန်၊ ၎င်းအပြင် အသင်းသား အသင်းသူမိသားစုများ၊ ဓမ္မပညာနှင့်ခေတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

  အထက်ပါရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေခြင်းအလို့ငှာ သာသနာလုပ်ငန်းဆိုင်ရာ တာဝန်အဝဝတို့ကို ဆောင်ရွက်ရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

၁၉၀၈ ခုနှစ်လောက်တွင် သီးခြားတိုင်းရင်းသား ခရစ်ယာန်သာသနာ့အဖွဲ့အစည်းကို တည်ထောင်ရန် ရူပါရုံ ရလာခဲ့ကြပါသည်။ ဖိုးပိုက်ဆံ(ခ)ဦးဆန်ရေသည် ရန်ကုန်မြို့ပေါ်ရှိ သူ သိကျွမ်းသူများဖြစ်ကြသည့် မင်းထမ်းရာထမ်းများ၊ အသရေရှိသော ပုဂ္ဂိုလ်များ၊ ဓမ္မအမှုတော်ဆောင်များ၊ နယ်မှသင်းအုပ်ဆရာများနှင့် အသင်းတော် လူကြီးများ အသီးသီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ရာ သီးခြားတိုင်းရင်းသား ခရစ်ယာန်သာသနာ အဖွဲ့ကြီးကို တည်ထောင်ရန် အများသဘောတူ ဆန္ဒပြုခဲ့ကြပါသည်။ သီးခြားတိုင်းရင်းသား ခရစ်ယာန်သာသနာ အဖွဲ့ကြီး တည်ထောင်ရန် ဆန္ဒပြင်းခဲ့ကြသည့် အကြောင်းရင်းများမှာ ...

တိုင်းရင်းသားခရစ်ယာန်ခေါင်းဆောင်အချို့တို့နှင့် Missionary ဆရာကြီးများတို့က လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အောင်မြင်မှုများ ရှိခဲ့သော်လည်း အမျိုးမျိုးပြစ်တင်ဝေဖန်ကဲ့ရဲ့ခဲ့ကြခြင်း၊ နိုင်ငံခြား (Mission) သာသနာပြုအဖွဲ့များတို့၏ ဦးဆောင်မှုကို မခံယူလိုတော့ပဲ သခင်ယေရှု၏ ခေါင်းဆောင်မှုကိုသာ ခံယူလိုခြင်း။

ကရင်အမျိုးသားတို့၏ ဘက်စုံဖွံ့ဖြိုးရေးကို လွတ်လပ်စွာ ဆောင်ရွက်လိုသည်ကတစ်ကြောင်း၊ ယင်းအကြောင်းများကြောင့် သီးခြား တိုင်းရင်းသား ခရစ်ယာန်သာသနာပြုအသင်းကို ဖွဲ့စည်းလိုခြင်းဖြစ်ခဲ့ရပါသည်။

ဤကဲ့သို့ ဆန္ဒပြုခဲ့သည့်တိုင်း သင်းလုံးကျွတ်အစည်းအဝေးကို ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုလော(ဖဒို)ကျေးရွာ၌ ၁၉၁၂ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့ (တပို့တွဲလဆန်း ၄ရက်)တွင် တရားဝင်စည်းဝေးခဲ့ကြပြီး သီးခြား တိုင်းရင်းသား ခရစ်ယာန်သာသနာ့ အဖွဲ့ကြီး ဖြစ်သော "အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်း" ကို တည်ထောင်ခဲ့ပါသည်။

### ၃။ သာသနာစတင်သည့်ခုနှစ်

၁၉၁၂ ခုနှစ်

### ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၁၂ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်။ (တပို့တွဲလဆန်း ၄ရက်)

### ၅။ စတင်တည်ထောင်သူ

ဘိုးပိုက်ဆံ(ခ) ဖူးဆန်ရေ(ခ)ဖူးဘူးဘွယ်မူး၊ Rev. Dr. R.L. Pokey (အဘိုးဆရာဝန်ကြီး)၊ အဘိုးစစ်ဒနီလူနီ (ဝတ်လုံတော်ရ)၊ ပဒိုဦးအိုတို့ဖြစ်ကြပါသည်။

### ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်နှစ်

၁၉၆၃ခုနှစ်

### ၇ အဖွဲ့ချုပ်(သို့)ဌာနချုပ်ရုံးလိပ်စာ

အမှတ်(၈၂)၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
၀၉၇၉၉၆၃၃၁၅၁

### ၈။ အထူးနေ့

အသင်းချုပ်နေ့ (ဇန်နဝါရီလ (၂၂) ရက်နေ့၏ အနီးဆုံး တနင်္ဂနွေနေ့)

# မြန်မာနိုင်ငံ ပရက်(စ်)ဘီတေးရီးယားအသင်းတော်

## ၁။ ရှုပါရုံ

မြန်မာနိုင်ငံပရက်(စ်)ဘီတေးရီးယားအသင်းတော်သည် ဘုရားသခင်ကို ကိုးကွယ်ခြင်းငှာလည်းကောင်း၊ ယုံကြည်သူ၏အသက်တာ သန့်ရှင်းစေခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ နိုင်ငံတော်ကျယ်ပြန့်ခြင်းငှာလည်းကောင်း၊ အသင်းတော်၏ အုပ်ချုပ်ပုံ စည်းမျဉ်းအတိုင်း ဖွဲ့စည်းတည်ထောင်ထားသော အသင်းတော်ဖြစ်သည်။

မြန်မာနိုင်ငံပရက်(စ်)ဘီတေးရီးယားအသင်းတော်သည် ကမ္ဘာအရပ်ရပ်ရှိ ပရက်(စ်)ဘီတေးရီးယားအသင်းတော်များနှင့်သော်လည်းကောင်း၊ ပြည်တွင်းရှိ အခြားခရစ်ယာန်အသင်းတော်များနှင့်သော်လည်းကောင်း၊ ပူးပေါင်းမိတ်သဟာယဖွဲ့လျက် ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ခြင်းငှာ ပရက်(စ်)ဘီတေးရီးယားအသင်းတော်များ၏ ယုံကြည်ချက်နှင့် စည်းမျဉ်းအတိုင်း မြန်မာနိုင်ငံ၌ တည်ထောင်ထားခြင်းဖြစ်သည်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့သည် မြန်မာနိုင်ငံပရက်(စ်)ဘီတေးရီးယားအသင်းတော် တည်ထောင်သည့်နေ့ ဖြစ်ပါသည်။ ချင်းပြည်နယ်ရှိ ဖလမ်းမြို့နယ် လိုဆောကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းတွင် ပရက်(စ်)ဘီတေးရီးယားအသင်းတော် ဖွဲ့စည်းပုံနှင့် ယုံကြည်ချက်ကို နှစ်သက်သော သိက္ခာတော်ရဆရာ ဦးထန်ကပ်အပါအဝင် ယုံကြည်သူအယောက် (၄၀) ဦးတို့သည် အစည်းအဝေးပြုလုပ်ကာ ပရက်(စ်)ဘီတေးရီးယားအသင်းတော်ကို စတင်တည်ထောင်ခဲ့ကြပါသည်။ ထိုနောက် ကလေး-ကဘော်ချိုင့်ဝှမ်း နှင့် ချင်းပြည်နယ်အနှံ့တွင် ပရက်(စ်)ဘီတေးရီးယားအသင်းတော် ပေါ်ပေါက်လာခဲ့ပါသည်။ တနည်းအားဖြင့်ဆိုသော် ပျောက်ဆုံးသောဝိညာဉ်များကို ကယ်ဆယ်လိုသောစိတ် သာသနာပြုလိုသောစိတ်ခွန်အား၌ နိုးထမှုကြောင့် ပရက်(စ်)ဘီတေးရီးယားအသင်းတော် ပေါ်ပေါက်လာသည်ဟု ဆိုနိုင်ပါသည်။

## ၃။ သာသနာစတင်သည့်ခုနှစ်

–

## ၄။ စတင်တည်ထောင်သည့်ခုနှစ်

၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်

**၄။ စတင်တည်ထောင်သူ**

သိက္ခာတော်ရဆရာ ဦးထန်ကပ်နှင့် လူငယ် (၄၀) ဦး

**၅။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်**

၁၉၆၅ ခုနှစ်

**၆။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ**

တာဟန်း၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၀၉၄၀၂၇၆၅၅၁၅

**၇။ အထူးနေ့**

PCM Day (ဖေဖော်ဝါရီလ (၅) ရက်)

# မြန်မာနိုင်ငံ လီဆူခရစ်ယာန်အသင်းတော်

## ၁။ ရူပါရုံ

ခန္ဓာနှင့်ဝိညာဉ်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဘုရားဂုဏ်တော်ကိုချီးမြှောက်ရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

မြန်မာနိုင်ငံလီဆူခရစ်ခရစ်ယာန်အသင်းတော်သည် ယနေ့တွင် Oversea Missionary Fellowship (OMF) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သော James Hudson Taylor တည်ထောင်ခဲ့သည့် China Inland Mission သာသနာပြုအသင်းကြီး၏ သာသနာပြုခြင်းမှဖြစ်ပေါ်လာသော ခရစ်ယာန်အသင်းတော်တစ်ပါးဖြစ်သည်။ လီဆူလူမျိုးများထံသို့ ရောက်ရှိလာသော CIM မှ ပထမဆုံးသောသာသနာပြုမှာ၊ အင်္ဂလန်နိုင်ငံသားဖြစ်သော James Outram Fraser ဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့်၊ မြန်မာနိုင်ငံ၏ နယ်စပ်တစ်လျှောက် ဖြစ်သော၊ ရှမ်းပြည်နယ်၊ ဝပြည်နယ် နှင့် ကချင်ပြည်နယ်တွင် နေထိုင်လျှက်ရှိသော လီဆူလူမျိုးများထံသို့ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်းသည် ၁၉၁၀-၁၉၂၀ ဝန်းကျင်တွင် ရောက်ရှိခဲ့ရာ ရိုးရာနတ်ကိုးကွယ်သော သူများမှ ခရစ်တော်ကို အမှန်တကယ် ယုံကြည်သက်ဝင်သောသူများ ဖြစ်လာခဲ့ကြသည်။ မိမိတို့ကို သာသနာပြုသည့် CIM သည် ယုံကြည်ခြင်းတွင် အလွန် အားကြီးသော စံနာမူနာယူရသည့် အဖွဲ့အစည်းဖြစ်ရာ၊ မြန်မာနိုင်ငံလီဆူအသင်းတော်သည်လည်း ထိုအမွေကိုရရှိကာ၊ မိမိကိုယ်ကိုရပ်တည်သော၊ မိမိကိုယ်ကို ဦးဆောင်သည့် အသင်းတော်တစ်ခုအဖြစ်၊ သာသနာပြုများက နိုင်ငံရေးအခြေအနေများကြောင့် နုနယ်သော တည်ထောင်စ အသင်းတော်ကို ထားခဲ့ရသော်လည်း၊ အမျိုးမျိုးသော အခက်အခဲများကြားတွင် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် မိမိတို့ရရှိခဲ့သည့်သတင်းကောင်းကို မျှဝေလိုစိတ် အားကြီးသည် ဖြစ်၍ မိမိတို့နှင့်အတူယှဉ်တွဲနေထိုင်ကြသော အခြားသောလူမျိုးစုများဖြစ်သော တရုတ်၊ လားဟူ၊ ဝလူမျိုး၊ မှုံ့လူမျိုး များနှင့်အခြားသော တိုင်းရင်းသားများကိုလည်း သာသနာပြုခဲ့ကြပါသည်။ ၁၉၅၈ခုနှစ်၊ မေလ(၃၁) ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မန်ခိန် “ဝိညာဉ်ရေးအားသစ်လောင်းသင်တန်း” တွင် လီဆူယုံကြည်သူများကို မြန်မာနိုင်ငံလီဆူခရစ်ယာန်အသင်းတော် ဟု စတင်ခေါ်ဝေါ်ခဲ့ကြသည်။ ထိုမတိုင်ခင်တွင် CIM အားဖြင့် ယုံကြည်သူ ဖြစ်လာသောသူများသည် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် သီးသန့်လွတ်လပ်စွာ နေထိုင်ခဲ့ကြပြီး၊ ဆရာဦးငွါးတားက ၎င်းတို့အနေဖြင့် ဤကဲ့သို့ ကွဲပြားမနေဘဲ တစ်စည်းတစ်လုံးရှိသင့်သည်ဟု ဆိုကာ၊ စုစည်းရန်စည်းရုံးခဲ့ပါသည်။ ထို့အပြင်ဆရာဦးငွါးတားဦးဆောင်မှုဖြင့် မြန်မာနိုင်ငံလီဆူခရစ်ယာန် အသင်းတော်ကို မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ အဖွဲ့ဝင်အသင်းတော်အဖြစ် ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်တွင် လျှောက်ထားခဲ့ရာ မခသက မှ အဆင့်ဆင့်စုံစမ်းလေ့လာမှုများပြုပြီးနောက် ၁၉၇၀

ခုနှစ်မေလ (၁) ရက်နေ့ သံတောင်မြို့တွင်ကျင်းပသော မခသက၏နှစ်ပတ်လည်အစည်းအဝေး တွင် လက်ခံပေးခဲ့ပါသည်။ ထို့နောက် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး အခက်အခဲများကြောင့် ရေကြည်ရာ၊ မြက်နုရာသို့ ပြောင်းရွှေ့ကြရင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ မြို့နယ်များစွာ အပါအဝင်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသများအထိ အသင်း တော်များ ရှိလာခဲ့ပါသည်။

## ၃။ သာသနာစတင်သည့်ခုနှစ်

၁၉၁၀ – ၁၉၂၀ ခုနှစ်ဝန်းကျင်

## ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၅၈ ခုနှစ်၊ မေလ (၃၁) ရက်နေ့၊ မန်ခိန်ရွာ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

## ၅။ စတင်တည်ထောင်သူ

Rev. A. W. Crane.

## ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်သို့စတင်ဝင်ရောက်သည့်ခုနှစ်

၁၉၇၀ ခုနှစ်၊ မေလ (၁) ရက်နေ့

## ၇။ အသင်းချုပ်ရုံးလိပ်စာ

အမှတ် (၈၆)၊ (၁၂)လမ်း၊ ညံတော (၁၅) ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၀၉၇၉၀၇၆၆၉၅၁

## ၈။ အထူးနေ့

MCC–LCCM အထူးနေ့ (မေလ (၁) ရက်)

# မြန်မာနိုင်ငံ လွတ်လပ်သော ပရက်စ်ဘီတေးရီးယန်းအသင်းတော်

## ၁။ ရူပါရုံ

- ယေရှုခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်း ပြန့်ပွားရန် အစွမ်းရှိသမျှနှင့်ဟောရန်။
- IPC အသင်းတော်၏ အမှုတော်ကဏ္ဍအသီးသီးသည် ဘာသာရေးသက်သက်သာ ဖြစ်စေရန်။
- အသင်းတော်၏ အမှုတော်သည် ဘုရားသခင်နှုတ်ကပတ်တော် သာသနာအမှုတော်သာ ဖြစ်သောကြောင့် နိုင်ငံသားအချင်းချင်း တစ်လုံးတစ်ဝတည်းဖြစ်ရန်၊ အခြားဂိုဏ်းဂဏများ နှင့် လက်တွဲ လုပ်ဆောင်ရန်။
- ပညာရေးမြှင့်တင်နိုင်ရန်အတွက် ပညာရေးကဏ္ဍကို တွန်းအားပေးမြှင့်တင်ဆောင်ရွက်ရန်။
- အမှုတော်ဆောင်များ ထိရောက်စွာ အမှုတော်ဆောင်နိုင်ရန် ခန္ဓာကိုယ်ကျန်းမာခြင်းကို ဥပက္ခာမပြုဘဲ အာရုံစိုက်နိုင်ရန်။
- IPC အသင်းသူ၊ အသင်းသားများနှင့် အမှုတော်ဆောင်များသည် ဝိညာဉ်ရေးရာနှင့် သာသနာရေးရာ၌ တိုးတက်နိုင်ရန် အမှုတော်မြတ်ကို တတ်စွမ်းသမျှထမ်းဆောင်လျက် လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ တို့တွင် သာသနာပြုရန်။
- မဖွံ့ဖြိုးသေးသော ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် မိဘမဲ့ကလေးများ ပြုစု ပျိုးထောင်ရေး အမှုတော်ကို တတ်စွမ်းသမျှ ဦးစားပေး လုပ်ဆောင်ရန်။

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

အိုင်၊ ပီ၊ စီ ၊ အမ် အသင်းတော်တည်ထောင်ရန် အစပြုခဲ့သူ Mr. Thawng Khaw Zam သည် ချင်းပြည်နယ်၊ တွန်းဇံ (Tonzang) ဇာတိဖြစ်ပြီး၊ ကျောက်ကုန်သည်ဖြစ်ကာ ကာလကတ္တား (Culculta) နှင့် မိုးကုတ်သို့ လှည့်လည် ခရီးထွက်ခဲ့သူဖြစ်သည်။ ခရီးသွားနေစဉ် ၁၉၁၇ ခုနှစ်တွင် Manipur Awakening ၌ အသက်တာ ပြောင်းလဲခြင်း ရရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ သူရောက်ရှိသည့်နေရာတိုင်းတွင် ဧဝံဂေလိတရားများ ဟောကြား ခဲ့သည်။ Mr. Thawng Khaw Zam အား Independent Church of India Missionary အဖြစ် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် (Hualngo and Zahau) နယ်တို့တွင် ၁၉၃၀ ပတ်ဝန်းကျင်၌ စေလွှတ်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် Doikhel ကျေးရွာ၌ ဘုရားကျောင်းဆောက်ခဲ့သည်။ Mr. Thawng Khaw Zam ၏ ဧဝံဂေလိ ဟောကြားချက်ကို Zahau and Hualngo Area တို့တွင် ဘုရားသခင် ကောင်းချီးပေးခဲ့သည်။ ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် Falam Deputy Commissioner N.L Naylor ထံမှ အသင်းတော်တည်ထောင်ခွင့် ရရှိခဲ့သည်။ ထို့ကြောင့် ၁၉၃၈ ခုနှစ်၊ ဇူလိုင် (၃၀) ရက်နေ့တွင် ကိုယ်စားလှယ် (၁၂၀) စေလွှတ်ပြီး အသင်းတော်တစ်ပါး ရပ်တည်ခဲ့ပါသည်။

**၃။ သာသနာစတင်သည့်ခုနှစ်**

၁၉၃၀ ခုနှစ် ပတ်ဝန်းကျင်

**၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်**

၁၉၃၈ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်

**၅။ စတင်တည်ထောင်သူ**

Mr. Thawng Khaw Zam (မစ္စတာထောင်းခေါ်ဇမ်)

**၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်**

၁၉၈၃ ခုနှစ်

**၇။ အဖွဲ့ချုပ် (သို့) ဌာနချုပ်ရုံးလိပ်စာ**

အမှတ် (၄၃/၂)၊ တောင်ဇလပ်လမ်း၊ တာဟန်း၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၀၉၂၅၆၅၁၃၀၉၂၊ ipcmoffice@gmail.com

**၈။ အထူးနေ့**

IPCM Day (ဇူလိုင်လ (၃၀) ရက်)

# မရာဧဝံဂေလိအသင်းတော်

## ၁။ ရှုပါရုံ

၁။ ခရစ်တော်၏အသင်းတော်အားဖြင့်လူတိုင်းကယ်တင်ခြင်းရရှိစေရန်နှင့်ပြည့်ဝသောအသက်တာရရှိရန်။

၂။ နှုတ်ကပတ်တော်ဟောကြားခြင်းနှင့် အလုပ်အားဖြင့် ခရစ်တော်သတင်းကောင်းဝေငှရန်။

၃။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနှင့် အမျိုးမျိုးသော အစေခံခြင်းအားဖြင့် ခရစ်တော်အား သက်သေခံရန်။

၃။ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ကျား–မ မခွဲခြားဘဲ လူတိုင်းအား ဝိညာဉ်အသက်တာရင့်ကျက်ခြင်း၊ ကိုယ်ကျင့်တရား ထိန်းသိမ်းခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် တရားမျှတမှုနှင့် အသက်တာပြုပြင် ပြောင်းလဲစေရန်၊

## ၂။ အသင်းတော်စတင်ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

မရာဧဝံဂေလိအသင်းတော်သည် မရာလူမျိုးကို အခြေခံ၍ တည်ထောင်သော အသင်းတော်တစ်ပါး ဖြစ်ပါသည်။ မရာလူမျိုးများသည် အများအားဖြင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ပလက်ဝ မြို့နယ်များတွင်၄င်း၊ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ဆိုက်ဟာခရိုင်တွင် နေထိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် ကျေးရွာ (၅၈) ရွာတွင် မရာ လူဦးရေ (၂၅၀၀၀)ခန့်ရှိပြီး၊ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တွင် လူဦးရေ (၅၀၀၀၀) ခန့်ရှိပါသည်။

အင်္ဂလိပ်သာသနာပြုဆရာကြီး Rev. Reginald Authur Lorrain နှင့် ဇနီး Maud Louise Ulander သည် မရာလူမျိုးများထံ သာသနာပြုရန်အတွက် ၁၉၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် လန်ဒန်မြို့၌ Lakher (Mara) Pioneer Mission (LPM) ကို စတင်တည်ထောင်ခဲ့ပါသည်။ LPM သည် အသင်းတော်တစ်ပါးပါး (သို့) သာသနာပြုအဖွဲ့ အစည်းတစ်ခုခုမှ စေလွှတ်ခြင်းမဟုတ်ဘဲ မိမိကိုယ်ကို မိမိရပ်တည်သော သာသနာ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

Rev. R.A. Lorrain နှင့် ဇနီးတို့သည် ၁၉၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့တွင်၊ လန်ဒန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ရာ၊ ၁၉၀၇ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင်၊ မရာနယ် ဆိုက်ကွန်း (Saikao) ကျေးရွာသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုရွာတွင် သာသနာစခန်း (Mission Station) ချသည်။ ဆရာကြီးသည် မရာနယ်စတင်ရောက် ချိန်မှစ၍၊ မရာစကားကို သင်ယူပြီး၊ မရာစာပေကိုတီထွင်ပြုစုပါသည်။ ဆရာကြီး၏ ပထမဦးဆုံးသောဟောကြားသော နှုတ်ကပတ်တော်မှာ “သင်ထလော့၊ လင်းလော့၊ သင်၏အလင်းရောက်လာပြီ (ဟေရှာယ ၆၀း၁)” ဟူသော ကျမ်းချက်ဖြစ်ပြီး၊ ၄င်းသတင်းကောင်းကို ဆိုက်ကွန်းစော်ဘွားကြီး ဌေးလိုင်

(Thylai) အိမ်ရှေ့တွင် ဟောကြားခဲ့ပါသည်။

ဆရာကြီးသည် သတင်းကောင်းဟောကြားခြင်းအပြင်၊ မရာစာပေပြုစုခြင်း၊ ကျမ်းစာဘာသာပြန်ခြင်း၊ မရာစာနှင့် ကျမ်းစာသင်တန်းကျောင်းများ၊ ဆေးပေးခန်းများ၊ အပ်ချုပ်သင်တန်းနှင့် စိုက်ပျိုးရေး ပညာပေး လုပ်ငန်းများဖြင့် သာသနာပြုခဲ့သည်။ မရာလူမျိုးများအထဲမှ ပထမဦးဆုံး ယုံကြည်သူသည် ဦးဒွေးတူ(၁၉၁၀)၊ ဒုတိယ ယုံကြည်သူသည် ဦးကြာဟူး (၁၉၁၁) နှင့် တတိယ ယုံကြည်သူ ဦးလိုင်လာ(၁၉၁၄) တို့ အသီးသီး သက်ဝင်ယုံကြည်လာခဲ့ကြသည်။ မရာနယ်၊ ပထမဦးဆုံးအသင်းတော်စုကို ၁၉၁၄ ခုနှစ်တွင် သာသနာရုံးစိုက်ရာ ဆိုက်ကွန်းရွာ၌၄င်း၊ ဒုတိယအသင်းတော်စုကို ၁၉၃၃ခုနှစ်တွင် ဆိုက်ဟာရွာ၌၄င်း၊ တည်ထောင်လာကြသည်။ မရာနယ်တွင် ကျယ်ပြန့်စွာ သာသနာပြုနိုင်ရေးအတွက် “ကားတိုင်၏စစ်သည်တော်” (Soldiers of Cross) ကို ဖွဲ့စည်းပြီး၊ ဒေသခံ ယုံကြည်သူများအားဖြင့် ဧဝံဂေလိတရားဟောရန် စေလွှတ်ခဲ့ပါသည်။ အသင်းတော်အတွင်း သန့်ရှင်းသော ဝိညာဉ်တော် လှုံ့ဆော်မှုကြောင်း အသင်းတော်နိုးထခြင်းများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ၁၉၅၇ခုနှစ်တွင် မရာတစ်နယ်လုံး ခရစ်ယာန်များဖြစ်လာကြသည်။

၁၉၀၇ ခုနှစ်မှစ၍ မရာအသင်းတော်ကို Mission Station ဖြစ်သော ဆိုက်ကွန်းရုံးမှ အုပ်ချုပ်ပါသည်။ ၁၉၀၇–၁၉၆၀ ခုနှစ်အထိ မရာအသင်းတော်ကို Lakher Christian Church (သို့) Lakher Church ဟုခေါ်တွင်ပါသည်။ ၁၉၆၀ ခုနှစ်တွင် Lakher Christian Church ကို Lakher Independent Evangelical Church (LIEC) အဖြစ် ပြောင်းလဲ အမည်ပေးကြသည်။ ၁၉၆၇ ခုနှစ်တွင် Lakher ဟူသော အမည်ကို Mara ဟုပြောင်းလဲရာ Mara Independent Evangelical Church (MIEC) ဖြစ်လာပါသည်။

၁၉၆၁ ခုနှစ်တွင် မြန်မာပြည်၊ မရာနယ်၊ စဘောင်းပီကျေးရွာတွင် စာအုပ်ဆိုင် (Book Depot) ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် Book Depot အား မြန်မာပြည်၊ မရာ အသင်းတော်ရုံးခွဲ (Sub. Headquar-ter) အဖြစ် အတည်ပြုသည်။ ဤကာလသည် ဦးနေဝင်း၏ တော်လှန်ရေးအစိုးရလက်ထက်ဖြစ်သော ကြောင့် အိန္ဒိယနိုင်ငံ ဆက်ကွန်းရုံး မှ ချင်းပြည်နယ်၊ စဘောင်းပီရုံး ဆက်သွယ်ရန် အလွန်ခက်ခဲပါသည်။ ထို့ကြောင့် ၁၉၆၇ခုနှစ်တွင် စဘောင်းပီရုံးခွဲအား မြန်မာပြည် မရာလွတ်လပ်သော ဧဝံဂေလိအသင်းတော်ရုံးချုပ်အဖြစ် တိုးမြှင့်ပေးခဲ့သည်။ သို့သော် အသင်းတော်သင်းလုံးကျွတ် အစည်းအဝေးမှုကားမြန်မာပြည် မရာအသင်းတော်အား သီးသန့် ကျင်းပခွင့် မရှိပဲ အိန္ဒိယမရာအသင်းတော်နှင့် အတူတကွ ကျင်းပလျက်ရှိသည်။

၁၉၆၉ခုနှစ်တွင် မြန်မာပြည် မရာအသင်းတော်များ အရေးပေါ်သင်းလုံးကျွတ် အစည်းအဝေးပြုလုပ်ပြီး၊ အိန္ဒိယမရာအသင်းတော် အုပ်ချုပ်မှုမှ ခွဲထွက်ပြီး မြန်မာပြည် မရာအသင်းတော်အား သီးသန့် အုပ်ချုပ်ခွင့်ပြုရန် တောင်းဆိုခဲ့ကြသည်။

၁၉၇၁ခုနှစ်တွင် စဘောင်းပီကျေးရွာရှိ မရာ လွတ်လပ်သော ဧဝံဂေလိ အသင်းတော်ရုံးစိုက်ရာနေရာနှင့် ပါတ်သက်၍ သဘောထားကွဲလွဲမှုပေါ်ပေါက်လာရာ၊ MIEC အသင်းတော်နှစ်ခြမ်းကွဲခဲ့ပါသည်။ ခွဲထွက်သော အသင်းတော်အား Mara Independent Church (MIC) ဟု အမည်ခံပြီး လိုင်လင်းပီတွင် ရုံးစိုက်ခဲ့ပါသည်။ သို့ဖြစ်၍ မရာလွတ်လပ်သော ဧဝံဂေလိအသင်းတော်သည် MIEC နှင့် MIC ဟူ၍ အသင်းတော်နှစ်ပါးကွဲပြားခဲ့ကြသည်။

၁၉၈၆ ခုနှစ်တွင် (၁၆) နှစ်တိုင်တိုင် တကွဲပြားဖြစ်နေသော MIEC နှင့် MIC အသင်းတော်ခေါင်းဆောင်များ ပြန်လည်ပူးပေါင်းနိုင်ရေးအတွက် Join Meeting ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီမှ ကြိုးစားအားပေးမှုကြောင့် ၁၉၈၆ ခုနှစ်တွင် အသင်းတော်နှစ်ပါးသည် Mara Evangelical Church အမည်ဖြစ် ပြန်လည် ပူးပေါင်းလာခဲ့ရာ ယနေ့တိုင် စည်းစည်းလုံးလုံး ရပ်တည်လာခဲ့ခြင်းဖြစ်ပါသည်။

ယနေ့တွင် မရာဧဝံဂေလိအသင်းတော်သည် မရာနယ်၌ အသင်းတော်ပေါင်း (၇၉)၊ ရခိုင်ပြည်နယ် သာသနာနယ်တွင် အသင်းတော် (၁၀၆)ပါးနှင့် ပြည်ပအသင်းတော် (၁၁)ပါးဖြင့် ရပ်တည်လျက်ရှိသည်။ မရာအသင်းတော်သည် အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို လိုလားသူ ဖြစ်သည့်အားလျော်စွာ အောက်ပါ ပြည်တွင်းပြည်ပရှိ အသင်းအဖွဲ့များ၌ ပါဝင်လျက်ရှိပါသည်။

1. Myanmar Council of Churches (1985)
2. Christian Conference of Asia (1989)
3. World Communion of Reformed Churches (1993)
4. World Council of Churches (2001)
5. Lutheran World Federation (2010)

## ၃။ သာသနာစတင်သည့်ခုနှစ်

အင်္ဂလန်နိုင်ငံမှ သာသနာပြုဆရာတော်ကြီး Rev. Reginald Arthur Lorrain နှင့် ဇနီး Maud Lou–ise Ulander တို့သည် မရာလူမျိုးထံ သာသနာပြုရန်အတွက် ၁၉၀၅ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင်၊ လန်ဒန်မြို့၌ Lakher Pioneer Mission (LPM) ကို စတင်တည်ထောင်ခဲ့ပါသည်။ LPM ၏ဆောင်ပုဒ်မှာ “ဆုတောင်းခြင်းဖြင့်တည်ထောင်၊ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်” (Founded on Prayer, Launched in Faith) ဖြစ်ပါသည်။

## ၄။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်

## ၅။ စတင်တည်ထောင်သူ

အင်္ဂလန်နိုင်ငံမှ သာသနာပြုဆရာတော်ကြီး Rev. Reginald Arthur Lorraion နှင့် သူ့ဇနီး Maud Louise Unlander.

## ၆။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ကောင်စီသို့ ဝင်ရောက်သည့်ခုနှစ်

၁၉၅၈ ခုနှစ်၊ မေလ (၁)ရက်။

**၇။ အဖွဲ့ချုပ် (သို့) ဌါနချုပ်ရုံးလိပ်စာ**
လိုင်လင်းပီမြို့ / စဘောင်းပီရွာ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်။
၀၉၇၇၆၈၃၅၂၀၆၊ ၀၉၇၆၄၄၇၈၀၆၉

**၈။ အထူးနေ့များ**
သတင်းကောင်းရောက်ရှိရာနေ့ : စက်တင်ဘာလ (၂၆) ရက် (သာသနာပြုဆရာများနေ့)

# လွတ်လပ်သော တိုင်းရင်း ခရစ်ယာန်သာသနာအသင်းတော်

## ၁။ အသင်းတော်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း

အင်္ဂလန်နိုင်ငံတွင် AD ၁၅၃၄ ခုနှစ်၊ အဌမမြောက်ဟင်နရီဘုရင်အုပ်ချုပ်စဉ် Bishop Gram Mar လက်ထက်၌ Church of England အင်္ဂလန်အသင်းတော် စတင်တည်ထောင်ခဲ့ပါသည်။

ထိုအင်္ဂလန်အသင်းတော်မှ သာသနာပြုရင်း အသင်းတော် တည်ထောင်ရာ ထိုအသင်းတော်ကို (Anglican Church) အင်္ဂလီကန်အသင်းတော်ဟုခေါ်ဆိုခဲ့သည်။ ထိုအင်္ဂလီကန်အသင်းတော်မှ AD ၁၇၀၁ ခုနှစ်တွင် Society For Propaganda Gospel သာသနာအသင်းတော်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး၊ ထိုအသင်းတော်မှာပင် AD ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် Bible Church Men Missionary (B.C.M.S) သာသနာပြုအဖွဲ့ စတင်ခဲ့ပြီး၊ ထိုသာသနာပြုအသင်းတော် (B.C.M.S) အသင်းတော် သာသနာပြုအဖွဲ့သည် AD ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့သို့ရောက်ရှိပြီး၊ မိုးညှင်းမြို့တွင် ဗဟိုဌာနချုပ်ထားရှိကာ သာသနာပြုခဲ့ပါသည်။

ထိုအင်္ဂလီကန် B.C.M.S အသင်းတော်မှ AD ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် မိုးညှင်းမြို့၌ အသင်းတော်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်တော်များ (၇၀)ဦး တက်ရောက်သော သာသနာ့လွတ်တော် အစည်းအဝေးကြီးတွင် ဘုရားသခင်ထံ ဆက်ကပ်ဆုတောင်းပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာကျမ်းစာနှင့်အညီ ယုံကြည်ခြင်းဖြင့် ထာဝရဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သွားရန်နှင့် မည်သည့်လူမျိုးခြားတိုင်းတစ်ပါးထံမှီခိုခြင်း၊ဩဇာခံခြင်းမပြုဘဲနှုတ်ကပတ်တော်သမ္မာတရားနှင့်အညီ၊မိမိတို့ခြေပေါ်ရပ်တည်ပြီး၊ တည်ဆောက်ခဲ့သည့် လွတ်လပ်သောတိုင်းရင်းခရစ်ယာန်သာသနာအသင်းတော် (I.C.H.M) အသင်းတော်ဖြစ်ပါသည်။

ယခုအခါတွင်အသင်းတော်၏ယုံခြင်းနှင့်ကျင့်သုံးမှု(၂၉)ချက်(စာအုပ်)နှင့်အသင်းတော်ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း(စာအုပ်) ရေးဆွဲထားရှိပြီး တည်ဆောက်လျက်ရှိသော အသင်းတော်တစ်ပါး ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

ဘုရားသခင်၏အလိုတော်ပြည့်စုံစေရန်နှင့် ဘုန်းတော်ထင်ရှားစေရန်၊ ယေရှုခရစ်တော်၏ မဟာစေခိုင်းချက် ဖြစ်သောဝမ်းမြောက်ဘွယ် ကယ်တင်ခြင်း ဧဝံဂေလိတရားဟောပြောရန်နှင့် ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားဟောပြောသက်သေခံရန်၊ တပည့်တော်များ မွေးထုတ်ရန်၊ ယုံကြည်သူများ တိုးပွားလာပြီး ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်စားနိုင်ရန် ရည်ရွယ်ပါသည်။

### ၃။ လုပ်ဆောင်ချက်

သိက္ခာတော်ရသင်းအုပ်ဆရာများ (Synod) အစည်းအဝေး၊ ဗဟိုကော်မတီအစည်းအဝေး၊ သာသနာ့လွှတ်တော် အစည်းအဝေးများ၊ ပြုလုပ်ကျင်းပဆုံးဖြတ်ကာ ဝိညာဉ်ရေးရာနှင့် လုပ်ငန်းရေးရာများကို လုပ်ဆောင်လျက်ရှိပါသည်။

### ၄။ သာသနာစတင်သည့်ခုနှစ်

၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်

### ၅။ အသင်းတော်စတင်တည်ထောင်သည့်ခုနှစ်

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်။

### ၆။ စတင်တည်ထောင်သူ

သိက္ခာတော်ရဘုန်းတော်ကြီး ဦးရှန်ခေါင်ဇော်ဂေါင် (ဥက္ကဌ)၊ ဆရာကြီးဦးကာဒူဇော်ရော် (အတွင်းရေးမှူး) နှင့် သာသနာ့လွှတ်တော် အစည်းအဝေးတက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ (၇၀)ဦးတို့ ဖြစ်ပါသည်။

### ၇။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်

### ၈။ အဖွဲ့ချုပ် (သို့) ဌါနချုပ်ရုံးလိပ်စာ

ဒက (၄၄၇)၊ J–12၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် (အသင်းတော်ဗဟိုရုံးချုပ်)။

၀၇၄–၂၃၄၅၇

### ၉။ အထူးနေ့

အသင်းတော်အထိမ်းအမှတ်နေ့ (အောက်တိုဘာလ (၂၄) ရက် )

# မြန်မာနိုင်ငံကလျာဏယုဝ ခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ

## ၁။ နောက်ခံသမိုင်းအကျဉ်း

အမျိုးသားဝိုင်အမ်စီအေ ကနဦးကာလလှုပ်ရှားမှု (၁၉၄၈)

အထင်ရှားဆုံးသောစည်းဝေးတစ်ခုကို ၁၉၄၈ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ထိုစည်းဝေးကို အောက်ပါပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။

(၁) ဦးဘလှိုင် (၂) ဦးချို (၃) ဒေါက်တာချန်တိတ် (၄) မန်းဖိုးဝေ (၅) ဒေါက်တာစီစီပိုး (၆) Mr.H.J PAYNE တို့ဖြစ်ကြသည်။ ဦးတင်ထွန်း၊ ဒေါက်တာလှဘူး၊ ဦးဘမျှင်၊ ဦးချစ်စိန်တို့ကို ဖိတ်ကြားခဲ့သော်လည်း အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ကြခြင်းမရှိကြောင်း သိရသည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားဝိုင်အမ်စီအေ ဖွဲ့စည်းရေးအတွက် အိန္ဒိယပြည် ဘုံဘေမြို့သို့ တက်ရောက်ခဲ့သော ဦးဘလှိုင်က အထွေထွေ ဘုတ်အစည်းအဝေး ဘုံဘေ အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

ဦးဘလှိုင်သည် (ဘုံဘေ) အိန္ဒိယ အထွေထွေဘုတ်အစည်းအဝေးတွင် အောက်ပါအချက်အလက်များကို တင်ပြဆွေးနွေးခဲ့သည်။ (က) အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မြန်မာတို့စုပေါင်းဖွဲ့စည်းထားသောလက်ရှိ ဝိုင်အမ်စီအေကောင်စီတွင် နှစ်နှစ်သာ ပါဝင်တော့မည်။ (ခ) ထိုနှစ်နှစ်အတွင်း မြန်မာပြည် အမျိုးသားကောင်စီကို ကိုယ်ထူကိုယ်ထတည်ထောင်မည်။ (ဂ) မြန်မာပြည်အရပ်ရပ်ရှိ မြို့ကြီးများ၌ ဝိုင်အမ်စီအေအသင်းများကို ဖွဲ့စည်းမည်။ (ဃ) လွတ်လပ်ပြီးစ မြန်မာပြည်၏ တပ်မတော်အတွင်း၌လည်း ဝိုင်အမ်စီအေများကို သင့်လျော်သလို ကူညီဆောင်ရွက်မည်ဟူ၍ ဖြစ်သည်။

အိန္ဒိယနိုင်ငံ(ဘုံဘေ) အထွေထွေဘုတ်အစည်းအဝေးကြီးက ဦးဘလှိုင်၏ တင်ပြချက်များကို လက်ခံခဲ့ကြကြောင်းသိရသည်။ ထို့ကြောင့် ၁၉၄၈ခုနှစ်၊ မတ်လ(၂၅)ရက်နေ့တွင် ကျင်းပသော အစည်းအဝေးတက်ရောက်လာကြသူတို့က မြန်မာပြည် အမျိုးသား ဝိုင်အမ်စီအေကောင်စီတစ်ရပ်ကို ဖွဲ့စည်းရန် တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံအမျိုးသားကော်မတီဝိုင်အမ်စီအေတွင် ပါဝင်ရန်အောက်ပါ ပုဂ္ဂိုလ်များကို ဖိတ်ကြားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဖိတ်ကြားခံ ပုဂ္ဂိုလ်များနှင့် (၂၁)ဦးပါ ဝိုင်အမ်စီအေ ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထူထောင်ရန်ဖြစ်သည်။ (၁) ဦးချို၊ (၂) သရာချစ်မောင် (အင်းစိန်)၊ (၃) ဦးဘလှိုင်(ရန်ကုန်)၊ (၄) ဗိုလ်ချုပ်ကြီးစမစ်ဒွန်း(တပ်မတော်)၊ (၅) ဒေါက်တာဘသန်းချိန် (ပုသိမ်)၊ (၆) မန်းဖိုးဝေ (ရန်ကုန်)၊ (၇) ဦးဘထွန်း (တောင်ငူ)၊ (၈) ဒေါက်တာစီစီပိုး(ရန်ကုန်)၊ (၉) ဒေါက်တာချန်တိတ်(ရန်ကုန်)၊ (၁၀) မစ္စတာအိုဝင်အောင်ထွန်း(ပြင်ဦးလွင်)၊ (၁၁) ဦးတင်ထွန်း(ရန်ကုန်)၊ (၁၂) ဦးမယ်လဗင်ထွန်းဖေ(မော်လမြိုင်)၊ (၁၃) ဒေါက်တာလှဘူး(ရန်ကုန်)၊ (၁၄) ဦးဝမ်ကိုဟော(ဖလမ်း)၊ (၁၅) ဦးဘမျှင်(ရန်ကုန်)၊ (၁၆) ဒူဝါဇော်လွန်း(ဗန်းမော်)၊ (၁၇) ဦးချစ်စိန်(ရန်ကုန်)၊ (၁၈) ဦးရှန်းလုံ(ဗန်းမော်)၊ (၁၉) Rev.G.P. CHARLES(ရန်ကုန်) တို့ဖြစ်ကြသည်။

## ၂။ အဓိကရည်ရွယ်ချက်–

မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များမှာ–

၁။ အဖွဲ့ဝင်အသင်းတစ်သင်းချင်းအလိုက် သီးခြားဆောင်ရွက်နိုင်စွမ်းမရှိသော အမျိုးသားအတိုင်းအတာဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများကို အဖွဲ့ဝင်အသင်းများ စုပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရပ်တည်စီမံပေးရန်။

၂။ လူမှုကျင့်ဝတ်နှင့် လူမှုဆက်ဆံရေးတွင် ခရစ်ယာန်သဘောတရားများ စိမ့်ဝင်ကြီးထွားရှင်သန်လာစေရေးအတွက် ကူညီပံ့ပိုးပေးရန်။

၃။ ဝိုင်အမ်စီအေအသင်းသားများအနေဖြင့် မိမိတို့ အသီးသီးပါဝင်လျက်ရှိကြသော အသင်းတော်များ၏ လုပ်ငန်းများနှင့် လှုပ်ရှားမှုများတွင် သစ္စာရှိစွာ ပါဝင်လုပ်ကိုင်ရေး၊ အသင်းတော်များပိုမိုနီးကပ်စွာ ပူးပေါင်းလက်တွဲရေးနှင့် တစ်လုံးတစ်ဝတည်းသော အသင်းတော်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းအားထုတ်မှုများ၌ ပါဝင် ဆောင်ရွက်ရေး စသည်တို့ကို တွန်းအားပေးရန်။

၄။ ဝိုင်အမ်စီအေအသင်းများအား လုပ်ငန်းနယ်ပယ်အသစ်များသို့ တိုးချဲ့ဆောင်ရွက်ရေးအတွက် မြှင့်တင်အားပေးရန်။

၅။ ဝိုင်အမ်စီအေအသင်း၏ မိဿဟာရဖွဲ့မှုနှင့် လှုပ်ရှားမှုတို့တွင် ပါဝင်ဆက်ဆံရန် ဆန္ဒရှိသော၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအတွင်း စာနာထောက်ထားမှုအပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖွံ့ဖြိုးလာအောင် စီမံဆောင်ရွက်ရန်။

၆။ လူငယ်များအတွက် ဝန်ထမ်းလျက်ရှိသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၇။ အာရှဝိုင်အမ်စီအေနှင့် ကမ္ဘာ့ဝိုင်အမ်စီအေသဟာရအသင်းကြီးများတွင် အဖွဲ့ဝင်အဖြစ်ဆက်လက်ပါဝင်ရပ်တည်ရန်။

၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းသောအဖွဲ့ဝင်ဖြစ်ရန်။

## ၃။ လုပ်ဆောင်ချက်များ

၁။ ယေရှုခရစ်တော်၏သတင်းကောင်းကို ဝေမျှခြင်းနှင့် တစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကာယ၊ ဉာဏ၊ ဝိဉာဏသုံးရပ်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းအားထုတ်ခြင်း။

၂။ အထူးသဖြင့် လူငယ်များနှင့်အမျိုးသမီးများအား အဖွဲ့အစည်း၌ ခေါင်းဆောင်မှုကဏ္ဍတွင် ပိုမိုတာဝန်ယူနိုင်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

၃။ အမျိုးသမီးများနှင့် ကလေးများတို့၏ ရပိုင်သောအခွင့်အရေးများ ပိုမိုတိုးတက်လာစေရန်အတွက် ထောက်ခံအား ပေးပါဝင်ဆောင်ရွက်ခြင်း။

၄။ ကိုးကွယ်ယုံကြည်မှု၊ မတူသူများ၏ မိရိုးဖလာယဉ်ကျေးမှုများကို အသိအမှတ်ပြုလျက် အပြန်အလှန်ဆွေးနွေးပြီး ပိုမိုဆန်းသစ်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း။

၅။ ဆင်းရဲနွမ်းပါးသူများ၊ အိုးအိမ်မဲ့သူများနှင့်အတူလက်တွဲ၍ ၎င်းတို့၏ ဘဝသာယာရေးကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၆။ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်း။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

၁။ ကပ်ရောဂါများနှင့် နိုင်ငံရေးအခြေအနေကြောင့် စားဝတ်နေရေးဒုက္ခတွေ့ကြုံနေရသူများ ကူညီရေး။

၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ရှမ်းမြောက်နှင့် ကချင်ဒေသလူမှုအကျိုးပြုစီမံကိန်းလုပ်ငန်း။

၃။ ဘာသာကိုးကွယ်ယုံကြည်မှုဆိုင်ရာမြှင့်တင်ရေးစီမံကိန်းလုပ်ငန်း။

၄။ ကျား/မ အခြေပြု အကြမ်းဖက်မှုလျော့ချရေးလုပ်ငန်းအစီအစဉ်များ။

၅။ နှစ်သိမ့်အားပေးဆွေးနွေးခြင်းလုပ်ငန်းအစီအစဉ်များ။

၆။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်များ။

၇။ ဒေသပိုင်အမ်စီအေများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းအစီအစဉ်များ။

## ၅။ အနာဂတ်မျှော်မှန်းချက်

ဝိုင်အမ်စီအေသည် လူငယ်များအား တာဝန်လွှဲပြောင်းပေးအပ်ခြင်းဖြင့် ပိုမိုတရားမျှတပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်လာရန် မျှော်မှန်းပါသည်။

## ၆။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| ယာယီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁) | – | ဦးကက်နက်ခင်မောင် |
| ဒုတိယဥက္ကဋ္ဌ(၂) | – | Dr.ဦးအောင်ထွန်း |
| ဒုတိယဥက္ကဋ္ဌ(၃) | – | စောရဲဝင်းသူ |
| အကျိုးဆောင်ဘဏ္ဍာထိန်း | – | ဒေါ်ကေလုဂျာ |
| အထွေထွေအတွင်းရေးမှူး | – | ဦးမောင်မောင်ဝင်း |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၅၁ ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၁၄ ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁၈၃၈၀၈၅၆၊ ၀၁၈၂၉၆၄၃၄။

## ၁၀။ အထူးနေ့

YMCA နေ့ (ဇွန်လ (၆)ရက်နေ့)

# မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

ခရစ်ယာန်တို့၏ ယုံကြည်ချက်အပေါ်အခြေခံ၍ ဆုတောင်းခြင်းနှင့်ဝန်ထမ်းခြင်း (Prayer and Ser-vice) အားဖြင့် အမျိုးသမီးအကျိုးပြု လုပ်ငန်းအစီအစဉ်များကို ပြုလုပ်သောအသင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် (YWCA) အသင်းကို ရန်ကုန်မြို့၌ (၁၉၀၀)ပြည့်နှစ်တွင် စတင်တည်ထောင်ပါသည်။ ထို့နောက် ဟသ်ာတမြို့၊ မေမြို့၊ မန္တလေးမြို့၊ မော်လမြိုင်နှင့် တောင်ကြီးမြို့များတွင် (YWCA) အဖွဲ့များ ဖွဲ့စည်းလျက် အမျိုးသမီး အကျိုးပြု လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ပါသည်။

ဒေသန္တရယုဝတီခရစ်ယာန်အသင်(၆)သင်း ဖွဲ့စည်းပြီးသည့်နောက် မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်းချုပ် (National Young Women’s Christian Association) ကို ၁၉၅၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပါသည်။ ယခုအခါ မြစ်ကြီးနား၊ လားရှိုး၊မေမြို့(ပြင်ဦးလွင်)၊ မန္တလေး၊ တောင်ငူ၊ မော်လမြိုင်၊ တောင်ကြီး၊ ဖျာပုံ၊ ရန်ကုန်၊ ပုသိမ် ၊ ပြည် ၊ လွိုင်ကော်၊ သံတောင်ကြီး စသည့် ဒေသန္တရယုဝတီခရစ်ယာန်အသင်း (၁၃) သင်းဖြင့် အမျိုးသမီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

လူမျိုးဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အမျိုးသမီးနှင့်ကလေးများ၊ ကာယညာဏ၊ ဝိညာဏ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်နှင့်စွမ်းရည်များ မြှင့်တင်ပေးရန် အကျိုးပြုအစီအစဉ်များ လုပ်ဆောင်ပေးပါသည်။

## ၃။ လုပ်ဆောင်ချက်များ

- အမျိုးသမီးများကို စွမ်းဆောင်ရည်တိုးမြှင့်လာစေရန်နှင့် အမှီခိုကင်းစွာ ရပ်တည်နိုင်ရန်ဆောင်ရွက်ခြင်း။
- အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်း။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

- အသက် (၃၀)နှစ်အောက် အမျိုးသမီးခေါင်းဆောင်များမွေးထုတ်ခြင်း
- အမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်း။
- စေတနာ့ဝန်ထမ်းအခြေပြုအိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း။
- အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံချက်။
- အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများ။

## ၅။ အနာဂတ်မျှော်မှန်းချက်

YWCA သည် ပညာရေး၊ ဝန်ဆောင်မှုပေးခြင်းနှင့် ဦးဆောင်မှုအခွင့်အရေးများမှတဆင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ၏ စွမ်းအားများမြှင့်တင်ပေးရန်။

## ၆။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | ဒေါ်တင်တင်ထွေး |
| ဒု-ဥက္ကဋ္ဌ | – | ဒေါ်မေတင်ဦး ၊ ဒေါ်မြတ်သန်းစီ၊ နော်ဂလိုရီယာမောင်မောင် |
| အထွေထွေအတွင်းရေးမှူး | – | ဒေါ်ကတ်တာဇင်မာဦး |
| ဘဏ္ဍာထိန်း | – | ဒေါ်အေးကြွယ် |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၅၁ ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၆၈ ခုနှစ်နောက်ပိုင်းဟု ခန့်မှန်းပါသည်။

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (၁၁၉)၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက် ဗိုလ်တထောင်မြို့နယ်။

၀၉၄၅၅၃၅၈၂၇၄

## ၁၀။ အထူးနေ့

မရှိပါ။

# မြန်မာနိုင်ငံကျမ်းစာအသင်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံတွင် သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို ၁၈၈၉ ခုနှစ်တွင် ဗြိတိသျှနှင့် နိုင်ငံရပ်ခြားကျမ်းစာအသင်း British and Foreign Bible Society ၏ Agency တစ်ခုအဖြစ် အစပြုခဲ့သည်။ ပြောင်းလဲသောမြန်မာနိုင်ငံရေးကြောင့် ၁၉၆၄ မှစ၍ မြန်မာနိုင်ငံသမ္မာကျမ်းစာအသင်း (The Bible Society of Myanmar) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ကာ၊ ၁၉၆၉ ခုနှစ်တွင် ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (United Bible Societies)၏ တင်းပြည့်အဖွဲ့ဝင်အဖြစ် ရပ်တည်လာခဲ့သည်။

## ၂။ အဓိကရည်ရွယ်ချက်

မြန်မာနိုင်ငံသားတိုင်း ကျမ်းစာအုပ်ရရှိနိုင်ဖို့။

## ၃။ လုပ်ဆောင်ချက်များ

ဒေသခံတိုင်းရင်းပြည်သူများ၏လိုအပ်တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သမ္မာကျမ်းစာတော်မြတ်ကို ဘာသာပြန်ဆို၊ ပုံနှိပ်ထုတ်ဝေ၊ ဖြန့်ချီခြင်းအားဖြင့် လူတိုင်းသည်ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို မိမိနားလည်ဖတ်ရှုနိုင်သော ဘာသာစကား၊ ဝယ်ယူနိုင်သောတန်ဖိုးဖြင့် ရရှိဖတ်ရှုနိုင်ပြီး၊ နှုတ်ကပတ်တော်တန်ဖိုး၏ တို့ထိပြောင်းလဲစေခြင်းကို ကိုယ်တိုင်ခံစားလျက် ဥဿုံကယ်တင်ခြင်းကို ရရှိခံစားနိုင်ရန် ရည်ရွယ်ပါသည်။

အသင်း၏ ရည်ရွယ်ချက်အကောင်အထည်ဖော်နိုင်ရန်အတွက် သမ္မာကျမ်းစာအသင်းသည် မိမိ၏ ဘုရားပေးသာသနာတော်ကို ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့နှင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပခရစ်ယာန်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ သမ္မာကျမ်းစာပြန့်ပွားရေးအတွက် ကြိုးစားလုပ်ဆောင်သောအဖွဲ့အစည်းများ၊ အသင်းတော်များနှင့် လက်တွဲလုပ်ဆောင်ပါသည်။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

သမ္မာကျမ်းစာကို မြန်မာနိုင်ငံဘာသာစကားများဖြင့် ဖတ်ရှုနိုင်အောင် ဘာသာပြန်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဖြန့်ချီခြင်း။

## ၅။ အနာဂတ်မျှော်မှန်းချက်

မြန်မာနိုင်ငံသားတိုင်း မိမိ မိခင်ဘာသာစကားဖြင့် သမ္မာကျမ်းစာရရှိနိုင်ဖို့။

## ၆။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | သိက္ခာတော်ရဒေါက်တာဇော်ဝင်း |
| ဒု-ဥက္ကဋ္ဌ | – | ဂိုဏ်းချုပ်ဆရာတော်ကြီးဦးမြတ်ဆန်း |
| အထွေထွေအတွင်းရေးမှူး | – | သိက္ခာတော်ရဆရာခွေလမ်းထန် |
| ဘဏ္ဍာထိန်း | – | ဒေါ်ဂျိန်းဒေးဗစ် |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

**၁၈၈၉ ခုနှစ်**

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

**၁၉၁၄ ခုနှစ်**

## ၉။ ဆက်သွယ်ရန်လိပ်စာ

(၂၆၂) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉၄၂၅၀၃၃၀၃၇

## ၁၀။ အထူးနေ့

သမ္မာကျမ်းစာနေ့ (ဩဂုတ်လ  တတိယအပတ်)

# မြန်မာနိုင်ငံ ခရစ်ယာန်စာပေအသင်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

၁၈၄၁ ခုနှစ်တွင် အမေရိကန်သာသနာပြုဆရာများက Morning Star (ခေါ်) ဆာတူဝေါ သတင်းစာကို ကရင်ဘာသာဖြင့်ထုတ်ဝေခဲ့ပြီး ၁၈၄၂ခုနှစ်တွင် ဓမ္မသတင်းစာကို မြန်မာဘာသာဖြင့်ထုတ်ဝေနိုင်ခဲ့သောမြန်မာ သတင်းစာသမိုင်း၏ ပထမဦးဆုံးစာမျက်နှာမှာ ခရစ်ယာန်သတင်းစာပင်ဖြစ်သည်။

၁၈၆၂ခုနှစ်တွင် အစပြု၍မြန်မာပြည်ကျမ်းစာနှင့် ဝေစာအသင်းကြီးဟုခေါ်တွင်ခဲ့ပြီး ယခုအခါ မြန်မာပြည် ခရစ်ယာန်စာပေအသင်းကြီးဟုခေါ်သောအသင်းကို ဆရာကြီးဘင်းနက်တို့က အစပြုခဲ့ကြပါသည်။ ခရစ်ယာန်ဂိုဏ်းဂဏအသီးသီးမှ သာသနာပြုဆရာကြီးတို့သည် စာပေသမိုင်း၏ ရှေ့ဦးမျက်နှာစာ အသီးသီး တွင် ပါဝင်နေရာယူလျက် ခရစ်ယာန်စာပေပြန့်ပွားရေးကို လုပ်ဆောင်ရုံမက ပူးပေါင်းဆောင်ရွက်သော အသင်း တစ်ခုဖွဲ့စည်းရန် စိတ်အားထက်သန်ခဲ့ကြသည်။

ခရစ်ယာန်စာပေအသင်းအနေဖြင့် နှစ်ဆယ်ရာစု၏အစပိုင်းတွင် စတင်ဖွဲ့စည်းခဲ့သည်ဟု ယူဆချက်များ ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန် (၁၉၄၆)ခုနှစ်တွင် ခရစ်ယာန်စာပေအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ သည်။

၁၉၆၀ ပြည့်နှစ်တွင် မက်သဒစ်သာသနာပြု ဆရာ Rev. B.N. Jones အားဖြင့် တိုးတတ်လာခဲ့သည်။ မက်သဒစ်သာသနာပြုဆရာ ဦးဆောင်ခဲ့သော်လည်း မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်းသည် ကက်သလစ် ဘာသာဝင်မဟုတ်သော ခရစ်ယာန်အသင်းတော်များအား စုစည်း၍ဖွဲ့စည်းခဲ့သော အသင်းတစ်သင်းဖြစ်သည့် အလျောက် အသင်းတော်အသီးသီးမှ ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် စုပေါင်း၍အင်္ဂလိပ်ဘာသာ၊ မြန်မာ ဘာသာတို့ဖြင့် စာပေများကိုထုတ်ဝေဖြန့်ချီသော “စာပေအားဖြင့်သာသနာပြုခြင်း” လုပ်ငန်းကို အကောင် အထည် ဖေါ်ခဲ့ကြသည်။

မြန်မာနိုင်ငံခရစ်ယာန် စာပေအသင်းသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏တရား ဝင်အဖွဲ့အစည်းတစ်ခု အဖြစ်ပါဝင်ပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဘာသာ စကားအမျိုးမျိုးဖြင့် စာပေပုံနှိပ်ထုတ်ဝေဖြန့်ချီပြီး ကယ်တင်ခြင်းတရားတော်နှင့် ခရစ်ယာန်တို့၏ အသက်ရှင် ခြင်းအကြောင်းကို လူတိုင်းပိုမိုကျယ်ပြန့်စွာ သိရှိနားလည် သဘောပေါက်စေရန်ဖြစ်သည်။

## ၃။ လုပ်ဆောင်ချက်

(က) ဝိညာဉ်ရိပ်သာ၊ The Upper Room စာစောင်ကို လေးလတစ်ကြိမ်ပုံမှန်ထုတ်ဝေဖြန့်ချီခြင်း။

(ခ) ကျမ်းစာကျောင်းများတွင်အသုံးပြုသောပြဌာန်းစာအုပ်များရိုက်နှိပ်ဖြန့်ချီခြင်း။

(ဂ) ဂိုဏ်းဂဏပေါင်းစုံပါဝင်ဖွဲ့စည်းထားသည့် အသင်းဖြစ်သဖြင့် ၄င်းတို့မှ ရေးသားထုတ်ဝေသည့် စာအုပ်များ ဖြန့်ချီပေးခြင်း။

## ၄။ အနာဂတ်မျှော်မှန်းချက်

ခေတ်ကာလ၏ အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး ယခင်ကဲ့သို့ ဂိုဏ်းဂဏ အသီးသီးတို့နှင့်အတူလက်တွဲပြီး စာပေခရီးကိုဆက်လက်လျှောက်လှမ်းကြရန်။

## ၅။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| အကြံပေးအရာရှိ | – | ဆရာအယ်လင်စောဦး |
| တာဝန်ခံ | – | ဆရာမဒေါ်အေးအေးဝင်း |

## ၆။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၂၅ ခုနှစ် ဇွန်လ

## ၇။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၂၀ ခုနှစ်

## ၈။ ဆက်သွယ်ရန်လိပ်စာ

၁၄၃၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၀၉၅၄၀၄၅၆၂

## ၉။ အထူးနေ့

မရှိပါ။

# မြန်မာနိုင်ငံ ခရစ်ယာန်သာသနာ အနာကြီးရောဂါလုပ်ငန်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံခရစ်ယာန်သာသနာ အနာကြီးရောဂါလုပ်ငန်း (Myanmar Christian Leprosy Mission) သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အနာကြီးရောဂါသာသနာလုပ်ငန်းများကို ဆောင်ရွက်နေသည့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံများပါဝင်သော အဖွဲ့အစည်းတစ်ခုအဖြစ်သို့ လက်လှမ်းမမီသေးချိန်တွင် မြန်မာပြည်ရှိ ဒေသအသီးသီးတွင် ၁၈၉၂ ခုနှစ် မှစတင်၍ မန္တလေးတွင် အမှုတော်ဆောင်နေသည့် မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) ၏ အနာကြီးရောဂါသည်များ ပြုစုခြင်းလုပ်ငန်း၊ ၁၈၉၈ခုနှစ်တွင် မော်လမြိုင်တွင် အစပြုခဲ့သည့် Miss Susan Haswell အနာကြီးရိပ်သာအား နှစ်ခြင်းသာသနာလုပ်ငန်း၊ ၁၉၂၆ ခုနှစ်မှစတင်၍ ကျိုင်းတုံဝန်းကျင်တွင် ဒေါက်တာ Richard Buker (အမေရိကန်နှစ်ခြင်းသာသနာပြု)မှ အနာကြီးကျေးရွာ (၁၆)ရွာအား တည်ထောင်ကာ အနာကြီးရောဂါသည် စောင့်ရှောက်မှုလုပ်ငန်း၊ ၁၉၃၆ခုနှစ်တွင် ကျိုင်းတုံမြို့ပေါ်၌ ရိုမန်ကာသိုလစ် သီလရှင်များ ဦးဆောင်၍ အနာကြီးရောဂါသည် စောင့်ရှောက်ခြင်းလုပ်ငန်း၊ ၁၉၃၈ ခုနှစ်တွင် လွိုင်လင်မြို့မှ ၁၅ မိုင်ခန့် ဝေးကွာသည့် ဟိုခိုက် ရိုမန်ကာသိုလစ်အနာကြီးသာသနာလုပ်ငန်း ဟူ၍ အသီးသီး ရပ်တည်နေခဲ့ပြီ ဖြစ်သည်။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် တိုင်းရင်းသားခရစ်ယာန် သာသနာအနာကြီးရောဂါလုပ်ငန်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွဲ့စည်းပြီးနောက်ပိုင်း ၁၉၈၉ ခုနှစ်အထိ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ် (MBC) ဖွဲ့စည်းစတွင် ဂိုဏ်းပေါင်းစုံမှ ကိုယ်စားလှယ်များ ခေါ်ယူနိုင်ခြင်းမရှိသေးပေ။ ဘဏ္ဍာငွေ အခက်အခဲကြောင့် အချိန်ပြည့်ဝန်ထမ်း မခန့်ထားနိုင်သဖြင့် ၁၉၈၉ ခုနှစ်ထိတိုင် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ် (MBC) ၏ ဧဝံဂေလိနှင့် သာသနာပြုရေးဌာန (ဧ/သဌာန) က ဆက်လက်တာဝန်ယူပံ့ပိုး ဆောင်ရွက်ပေးနေခဲ့သည်။

၁၉၈၈ ခုနှစ်တွင် အချိန်ပြည့် ဝန်ထမ်းတစ်ဦးစတင်ခန့်ထားပြီး (MBC) တွင် ယာယီရုံးခန်းဖွင့်လှစ်ခဲ့သည်။ ဖွဲ့စည်းပုံစည်းမျဉ်းအရ ဂိုဏ်းပေါင်းစုံမှ ကိုယ်စားလှယ်များကို စတင်ဖိတ်ခေါ်ကာ မြန်မာနိုင်ငံခရစ်ယာန် အနာကြီးရောဂါသာသနာလုပ်ငန်း အမည်ဖြင့် ဆက်လက်ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။ ဂိုဏ်းပေါင်းစုံအသွင်ဖြင့် စတင်ဖွဲ့စည်းပြီးနောက် (MBC) တွင် ၁၉၈၈ ခုနှစ်မှစ၍ ပူးပေါင်းဆက်သွယ်သောအဖွဲ့ (Cooperting Body) အဖြစ်ရပ်တည်ခဲ့သည်။ ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် ရန်ကုန် YMCA တွင် ကိုယ်ပိုင်ရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

နှစ်စဉ်စက်တင်ဘာလ ဒုတိယ တနင်္ဂနွေနေ့ကို အနာကြီးရောဂါဥပုသ်နေ့အဖြစ် သတ်မှတ်ပြီး တစ်ပြည်လုံးရှိ အသင်းတော်များသို့ အလှူခံခြင်းများ ဆောင်ရွက်သည်။ ထိုအလှူငွေများကို မော်လမြိုင်ခရစ်ယာန် ကိုယ်ရေပြားဆေးရုံ၊ အရှေ့ပိုင်းရှမ်းပြည် အနာကြီးသာသနာလုပ်ငန်းနှင့် အခြားသာသနာလုပ်ငန်းများကို အချိုးကျ ပေးလှူထောက်ပံ့ခဲ့သည်။

MCLM ဆောင်ရွက်နေသောလုပ်ငန်းများမှာ အနာကြီးဝေဒနာရှင်များအတွက် အလှူငွေကောက်ခံခြင်း၊ နှင့် ခွဲဝေပံ့ပိုးခြင်း၊ ပုံမှန်အစည်းဝေးများကျင်းပ၍ ဒေသခံအနာကြီးသာသနာလုပ်ငန်းအဖွဲ့များမှ တင်ပြလာသည့် ကိစ္စရပ်များအပေါ်အကြံပြုခြင်း၊ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဦးဆောင်မှုပြုပေးခြင်း၊ လူနာများကို ကျန်းမာ ရေးဌာနနှင့် ချိတ်ဆက်ပေးခြင်း၊ ဆေးရုံသွားရန် လမ်းစရိတ်ပံ့ပိုးပေးခြင်းနှင့် အနာကြီးရောဂါလုပ်ငန်း စိတ်ဝင်စားသော ကျမ်းစာသင်တန်းသားများအား Internship training များ စီစဉ်ပေးခြင်းတို့ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် American Leprosy Mission (ALM) နှင့် တွဲဖက်၍ ဝေဒနာရှင်များ၏ သားသမီးများကို ပညာသင် စရိတ် ထောက်ပံ့ခြင်း၊ အဟာရပံ့ပိုးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ၊ ကျေးရွာဘဝသစ်စီမံကိန်းများ စီစဉ်ပေးခြင်းတို့ကိုင်း၊ ၂၀၀၈ ခုနှစ်တွင် ဝင်ငွေတိုးလုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးခြင်း၊ အနာကြီးရောဂါအတွက် အမြင်ဖွင့် ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်းများနှင့် ဝိညာဉ်ရေး ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကို နိုင်ငံတကာ အနာကြီးရောဂါ သာသနာလုပ်ငန်း (TLMI) နှင့် လက်တွဲ၍ငင်း ဆောင်ရွက်လျက်ရှိသည်။

MCLM ဖွဲ့စည်းစချိန်တွင် ဒေသဆိုင်ရာ အနာကြီးသာသနာလုပ်ငန်း (၃)ခုဖြင့်သာ လက်တွဲ လုပ်ဆောင်ခဲ့ သော်လည်း ယခုချိန်တွင် သာသနာလုပ်ငန်း (၁၁)ခုဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(၁) မော်လမြိုင်ခရစ်ယာန်အထူးကိုယ်ရေပြားဆေးရုံ (၁၈၉၈)
(၂) အရှေ့ပိုင်းရှမ်းပြည်အနာကြီးသာသနာလုပ်ငန်း (တာချီလိတ်) (၁၉၂၆)
(၃) မက်သဒစ်အသင်းတော်(အထက်မြန်မာပြည်)အနာကြီးသာသနာလုပ်ငန်း၊ နံ့သာမြိုင်။ (၁၈၉၂)
(၄) ကျိုင်းတုံ(နောင်ကန်)အနာကြီးရိပ်သာ (၁၉၃၄)
(၅) လွိုင်လင် (ဟိုခိုက်)အနာကြီးရိပ်သာ (၁၉၃၈)
(၆) သရက်၊ စိန်ထရေဇာအနာကြီးရိပ်သာ (၁၉၅၅)
(၇) မရမ်းချောင်းနှစ်ခြင်း အနာကြီးရောဂါသာသနာလုပ်ငန်း (၁၉၈၉)
(၈) မင်းဘူး အနာကြီးရောဂါသာသနာလုပ်ငန်း (၁၉၈၉)
(၉) ပုသိမ်အနာကြီးရောဂါသာသလုပ်ငန်း (၁၉၉၉)
(၁၀) လက်ပံတန်းအနာကြီးရောဂါသာသလုပ်ငန်း (၂၀၀၆)
(၁၁) မူဆယ်အနာကြီးရောဂါ သာသနာလုပ်ငန်း (၂၀၀၇)

## ၂။ အဓိကရည်ရွယ်ချက်

အနာကြီးရောဂါဝေဒနာခံစားနေရသူများ ရောဂါပပျောက်ရေး၊ လူ့အသိုင်းအဝိုင်းသို့ ပြန်လည် ရောက်ရှိ ရေးအတွက် လူမျိုးဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ သခင်ယေရှုခရစ်တော်၏ နာမတော်မြတ်၌ အမှုတော် ဆောင်ရန်ဖြစ်သည်။

## ၃။ လုပ်ဆောင်ချက်များ

(၁) အသင်းတော်များတွင် အနာကြီးရောဂါ အမြင်ဖွင့်ဆောင်ရွက်ခြင်း။
(၂) အနာကြီးရောဂါဥပုသ်နေ့ အထူးအလှူတော်ငွေကောက်ခံ၍ ဒေသဆိုင်ရာ အနာကြီးသာသနာ အဖွဲ့များကို ခွဲဝေပံ့ပိုးပေးခြင်း။
(၃) နည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်းနှင့် စီစဉ်ပေးခြင်း။
(၄) အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း။
(၅) ပညာသင်ထောက်ပံ့ကြေးနှင့် အခြားပညာရေးဆိုင်ရာ အထောက်ပံ့များပေးခြင်း။
(၆) ဝင်ငွေတိုးလုပ်ငန်းများအား ဝေဒနာရှင်မိသားစုများတွင် ဖန်တီးပေးခြင်း။
(၇) လူငယ်များအတွက် သက်မွေးပညာသင်တန်းများစီစဉ်ပေးခြင်း။
(၈) ကျောင်းသားလူငယ်တွေ့ဆုံပွဲကျင်းပ၍ အတွေ့ကြုံဖလှယ်ခြင်းဖြင့် အနာဂတ်ရူပါရုံများ ဖော်ထုတ်ခြင်း။
(၉) ဝိညာဉ်ရေး၊ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးခြင်း။

## ၄။ အနာဂတ်မျှော်မှန်းချက်

မြန်မာနိုင်ငံခရစ်ယာန်သာသနာအနာကြီးရောဂါလုပ်ငန်း (MCLM) သည် လူမျိုးဘာသာမရွေး အနာကြီး ရောဂါ ဝေဒနာခံစားနေရသူများနှင့် ရောဂါကြောင့် မသန်စွမ်းဖြစ်နေသူများအား လူ့အသိုင်းအဝိုင်းတွင် ပါဝင်စေပြီး ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့် အစေခံလျက်ရှိပါသည်။

## ၅။ အမှုဆောင်အရာရှိများ

| | |
|---|---|
| ဥက္ကဋ္ဌ | – ဦးတင်အောင်ဆွေ |
| ဒုတိယဥက္ကဋ္ဌ | – Sr. ရီတာကြည်ကြည်အောင် |
| အကျိုးဆောင်အတွင်းရေးမှူး | – ဆရာစောဂျော့ရှေ |
| အကျိုးဆောင် ဘဏ္ဍာထိန်း | – ဆရာမနော်လားဒီးနီး |
| ပညာရေး ၊ သဘာပတိ | – ဆရာမမိုင်ရှသ်လွန်း |
| ဖွံ့ဖြိုးရေး ၊ သဘာပတိ | – ဦးရေမွန်မောင်မောင် |
| အုပ်ချုပ်စီမံရေး (အဖွဲ့ဝင်) | – Rev. ဦးမျိုးမင်းထွေး |
| | – ဂိုဏ်းချုပ်ဆရာတော်ဦးမြတ်ဆန်း |
| | – ဒေါ်နန့်အေးမူမူအောင် |
| အစီအစဉ်အတွင်းရေးမှူး | – ဆရာစောအယ်ထူး |

### ၆။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်

### ၇။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၈၈ ခုနှစ်

### ၈။ ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၆၃၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ မြန်မာဝိုင်အမ်စီအေ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉၅၀၈၂၁၂၉

### ၉။ အထူးနေ့

အနာကြီးရောဂါဥပုသ်နေ့ (စက်တင်ဘာလ၊ ဒုတိယ၊ တနင်္ဂနွေနေ့)

# မြန်မာနိုင်ငံ သီသြော်လော်ဂျီ ပညာရေးအသင်း

### ၁။ နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံသီသြော်လော်ဂျီ ပညာရေးအသင်းသည် TEE အစီစဉ်မှတဆင့် ကြီးထွားလာပြီး၊ မြန်မာနိုင်ငံ အသင်းတော်များကောင်စီသို့ အဖွဲ့အစည်းဖြင့် အတည်ပြုလက်ခံလာကြသည်။ ၁၉၇၉ ခုနှစ် မေလ ၁ ရက် TEE ပြုလုပ်သော အစည်းအဝေးမှ ဆရာ Joseph အား ညှိနှိုင်းရေးမှူး တာဝန်ပေးကာ မြန်မာနိုင်ငံ သီသြော်လော်ဂျီ ပညာရေးမြှင့်တင် ဆောင်ရွက်လာခဲ့သည်။ ထိုနောက် ဧပြီလ ၂၀ ရက်၊ ၁၉၈၂ အသင်းတော် (၁၀)ပါးနှင့် အဖွဲ့ဝင်ခေါင်းဆောင်များနှင့်အတူ အသင်းတော်များကောင်စီ (၆၈)ကြိမ်မြောက် ကောင်စီသင်းလုံးကျွတ်မှ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပါသည်။

### ၂။ ရူပါရုံ နှင့် လုပ်ငန်း

မြန်မာနိုင်ငံသီသြော်လော်ဂျီ၏ရူပါရုံသည် ပညာရေးမြှင့်တင်ရာတွင် အခြေခံဖြစ်သော အလုပ်ရုံများ၊ ရက်တို သင်တန်းများ၊ ပညာရေးဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်ပေးရန်ဖြစ်သည်။

### ၃။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၈၆ ခုနှစ်

### ၄။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၇၉ ခုနှစ်

### ၅။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| President | – | Dr. Nang Sawm Piang |
| Secretary | – | Dr. Lal Tin Hre |
| Treasurer | – | Daw Winsome |
| Staff | – | Ellai |

## ၆။ ဆက်သွယ်ရန်လိပ်စာ

ခြံအမှတ် (၄၀) တိုက်ဘီ၊ ဘောဂသဒ္ဒါလမ်း၊ သမိုင်းမြို့သစ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၄၄၆၉၂၀

## ၇။ အထူးနေ့

မရှိပါ။

# မြန်မာခရစ်တော်အတွက် လူငယ်

## ၁။ နောက်ခံသမိုင်းအကျဉ်း

၁။ ၁၉၆၇ခုနှစ်တွင်၊ အာရှအလယ်ပိုင်း ခရစ်တော်အတွက်လူငယ် ဒေသတာဝန်ခံ (Area Director of Central Asia Youth for Christ) မစ္စတာဗစ်တာမနိုဂရမ် (Mr.Victor Monogram)သည် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး မြန်မာခရစ်ယာန်အသင်းတော်များကောင်စီ (မခသက) လူငယ်မိတ်သဟာယအဖွဲ့(မခလမ)နှင့် ပူးပေါင်း၍ ၁၉၇၄ခုနှစ်တွင်၊ ပထမဦးဆုံးအကြိမ် လူငယ်ခေါင်းဆောင် သင်တန်းကို ပြုလုပ်ခဲ့သည်။ ၄င်းနောက်တွင် မြန်မာ ခရစ်တော်အတွက် လူငယ်ဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီး မင်းထွန်းသိန်းအား တာဝန်ခံအဖြစ်ခန့်ထားသည်။

၂။ ၁၉၈၀ ပြည့်နှစ်မှစ၍ မခသက - လူငယ်ဌာနတွင် အချိန်ပြည့်ဧဝံဂေလိလုပ်ငန်းကဏ္ဍကို တာဝန်ယူ၍ ခရစ်တော်အတွက်လူငယ် အစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ မခသက - လူငယ်ဌာနလုပ်ငန်းများဖြစ်သော လူငယ်ခေါင်းဆောင်သင်တန်းများ၊ သမ္မာကျမ်းစာသင်တန်းများ၊ ဧဝံဂေလိသင်တန်းများနှင့် လေဟာပြင်ဟောပြောပွဲ များတို့ကို ပူးပေါင်း၍ လုပ်ဆောင်ခဲ့သည်။

၃။ ၁၉၈၅ခုနှစ်တွင်မူကား၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ဖွဲ့စည်းပုံအသစ် ပြင်ဆင်ပြီး အတည်ပြုလိုက်သည့်နောက်တွင် နိုင်ငံတကာ လူငယ်မိသားစုနှင့် ဆက်သွယ်မှု အနေအထားကြောင့် မြန်မာ ခရစ်တော်အတွက် လူငယ်ဧဝံဂေလိလုပ်ငန်းများ ခေတ္တရပ်ဆိုင်းသွား ရပါသည်။

၄။ ၁၉၈၇ ခုနှစ်တွင် မင်းထွန်းသိန်းက ကမကထပြု၍ မခသက - အဖွဲ့ဝင်အသင်းတော်များမှ ခေါင်းဆောင် (၁၁)ဦးဖြင့် မြန်မာခရစ်တော်အတွက်လူငယ် ဘုတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ လူငယ်ဧဝံဂေလိ လုပ်ငန်းများကို ပြန်၍ အစပျိုးပြီးလုပ်ဆောင်နေစဉ်မှာပင်၊ ၁၉၈၈ ခုနှစ် အရေးခင်းကြောင့် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြန်သည်။

၅။ သို့ရာတွင် ဘုရားရှင်၏ကျေးဇူးတော်ကြောင့် ၁၉၈၉ခုနှစ်၊ စင်္ကာပူခရစ်တော်အတွက်လူငယ် တာဝန်ခံ (National Director of Singapore Youth for Christ) မစ္စတာအဲဘတ်လီး (Mr. Albert Lee) ၏ကူညီအားပေးမှုဖြင့် မြန်မာခရစ်တော်အတွက် လူငယ်ဘုတ်အဖွဲ့ကို ပြန်လည်အသက်သွင်း ခဲ့သည်။ ထို့နောက်တွင် စောလယ်ထူးအား ရန်ကုန်နှင့် ပဲခူးတာဝန်ခံအဖြစ် ခန့်ထား၍ လူငယ် ဧဝံဂေလိ လုပ်ငန်းကို ပြန်လည်၍ အကောင်အထည်ဖော် စေခဲ့သည်။

၆။ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် စောစီးဟဲကို တာဝန်ခံ (Nation Director) အဖြစ်ခန့်ထား သည်။

၇။ မြန်မာခရစ်တော်အတွက်လူငယ်ဘုတ်အဖွဲ့သည် သတ်မှတ်ထားသော ရည်ရွယ်ချက်များနှင့်အညီ လူငယ် ဧဝံဂေလိလုပ်ငန်းကို ထိရောက်စွာလုပ်ဆောင်နိုင်ရေးသည် မခသကနှင့် ပူးပေါင်းဆောင်ရွက် မှုအပေါ် အဓိကကျသဖြင့် ၁၉၉၄ ခုနှစ်၊ မေလ(၅)ရက်နေ့တွင် မခသက နှင့် ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဝင်အဖြစ်

တရားဝင်သတ်မှတ်ခြင်းခံရသည်။
၈။ မြန်မာခရစ်တော်အတွက်လူငယ်သည် နိုင်ငံတကာခရစ်တော်အတွက်လူငယ်အဖွဲ့၏ တရားဝင်ဆက်သွယ်သော "Chartered Nation" အဖြစ်ယနေ့ထိ အသိမှတ်ပြုခြင်းခံရသည်။

## ၂။ အဓိကရည်ရွယ်ချက်

မြန်မာခရစ်တော်အတွက်လူငယ်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။
၁။ မြန်မာနိုင်ငံအတွင်းရှိ လူငယ်များထံသို့ ခရစ်တော်၏ကောင်းသော သတင်းရောက်ရှိရန်အတွက် နည်းမျိုးစုံဖြင့် ဖြန့်ဝေရန်နှင့် လူငယ်များ၏ဝိညာဉ်ရေး တိုးပွားရန်အတွက် ကျမ်းစာတော်များနှင့်သွန်သင် ချက်နှင့်အညီ အားပေးကူညီရန်။
၂။ ခရစ်ယာန်ဝန်ထမ်းခြင်းလုပ်ငန်းများ မြန်မာလူငယ်များအကြားတွင် ရှင်သန်လျက်၊ လူငယ်တိုင်းသည် မျှတသော ခရစ်ယာန်အသက်တာဖြင့် မိမိအိမ်ထောင်၊ အသင်းတော်နှင့်ပတ်ဝန်းကျင်အတွက် အကျိုးပြုသော သူများဖြစ်အံ့သောငှါ၊ အားပေးကူညီရန်။
၃။ အသင်းတော်များနှင့် အတူတကွပေါင်းလျက် လူငယ်များကိုစိန်ခေါ်ကာ ဧဝံဂေလိလုပ်ငန်းတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ရေးကို အားပေးကူညီရန်။

## ၃။ လုပ်ဆောင်ချက်များ

(က) လုပ်ငန်းဌာနများ
- (၁) အခမဲ့စာဖတ်ဝိုင်း (၂) အင်္ဂလိပ်စာဖတ်ဝိုင်း

(ခ) ဧဝံဂေလိလုပ်ငန်းဌာန
- (၁) လူငယ်လက်တွေ့ဧဝံဂလိသင်တန်း
- (၂) သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာခြင်းဖြင့် တပည့်တော်ဖြစ်ခြင်းအစီအစဉ် (Disciple Leadership Training Program)
- (၃) Be A Light ခမ္မတေးဖြင့် ဝေမျှသက်သေခံခြင်းအဖွဲ့
- (၄) ခမ္မရိပ်သာ
- (၅) ခရစ်ယာန်လူငယ်နိုးကြားရေးလုပ်ငန်း
- (၆) စတူဒီယိုလုပ်ငန်း

(ဂ) ပဲခူးလူငယ်ခမ္မရိပ်သာ
- (၁) လူငယ်ခမ္မရိပ်သာ
- (၂) ကွန်ပျူတာသင်တန်း

(ဃ) ရှင်ဂျော့ဂျက် ခရစ်ယာန် ခမ္မရိပ်သာ (သံတောင်ကြီး)

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

From the Gospel through Education, Mission, Church Worker, Center base.

## ၅။ အနာဂတ်မျှော်မှန်းချက်

(၁) မြန်မာနိုင်ငံ၌ ခရစ်တော်၏သတင်းကောင်းပျံ့နှံ့ရန်နှင့် ဘုရားသခင်နိုင်ငံ၏ အနှစ်သာရနှင့် ပြည့်စုံသော မြန်မာနိုင်ငံဖြစ်ရန်။

(၂) အနာဂတ်လူငယ်ခေါင်းဆောင်များ ပိုမိုမွေးထုတ်ပေးရန်။

## ၆။ အမှုဆောင်အရာရှိများ

| | |
|---|---|
| ဥက္ကဋ္ဌ | – Rev. မန်းရဲလွင်ထူး |
| ဒု-ဥက္ကဋ္ဌ | – Rev. စောဆာမူးကြည် |
| အထွေထွေအတွင်းရေးမှူး | – Rev. မန်းဂီးဒီယာန် |
| ဘဏ္ဍာထိန်း | – Rev. မရမ်ခွန်ဆန် |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၆၈ ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၉၄ ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ သာသနာ့ရိပ်သာ၊ အမှတ် (၆၀၁) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း : ၀၁-၅၃၄၁၉၈ ၊ ၀၉-၄၃၁၃၆၃၁၄

Email : gideonmyfc@gmail.com

## ၁၀။ အထူးနေ့

မရှိပါ။

# မြန်မာနိုင်ငံ ခရစ်ယာန် ကျန်းမာရေးလုပ်သားများအသင်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

၁၉၅၁ခုနှစ်တွင် Burma Christian medical relief society(B.C.M.R.S), တည်ထောင်ခဲ့ပြီး ၁၉၇၂ခုနှစ်မှစ၍ အနှစ်၂၀ခန့်တိမ်မြုတ်ခဲ့သော်လည်း ၁၉၉၂ခုနှစ်မေလ(၁)ရက်နေ့တွင် ခရစ်ယာန် ဆရာဝန်များမှ ပြန်လည်စုစည်းကာ ရန်ကုန်ဆေးရုံကြီးရှိ ခရစ်ယာန်သူနာပြုမိတ်သဟာရအဖွဲ့ nurses Christian fel–lowship နှင့် ပူပေါင်းပြီး (Myanmar Christian health worker’s service association) (M C.H.W.S.A.) အသင်းအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တကွ တရားဝင်ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွဲ့စည်းတည်ထောင်သူများမှာ ဒေါက်တာ ဒေါ်စောဆာ၊ ဒေါ်စောတင်၊ ဦးသောင်းတင်၊ ဒေါက်တာဦးစောဘာသန်းချိန်၊ ဦးစံဘာ၊ ဒေါက်တာဒေါ်ခင်စီ၊ ဒေါက်တာဒေါ်ငြိမ်းမေ၊ ဗိုလ်မှူးမောင်မောင်မြင့်၊ ဒေါက်တာဒေါ်ခင်ဆွေ စသည် ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။ ၁၉၉၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ(MCC) နှင့် ပူးပေါင်း မိတ်ဖက်အသင်းအဖြစ် ယနေ့တိုင်တည်ရှိနေပါသည်။ မတ်လ၁၀ရက်၂၀၁၇တွင်မြန်မာနိုင်ငံခရစ်ယာန်ကျန်းမာရေးလုပ်သားများအသင်း (MCHWA) အမည်ဖြင့် အစိုးရအသိအမှတ်ပြု MNGO အသင်းဖြစ်လာပါသည်။ မြန်မာနိုင်ငံခရစ်ယာန်ကျန်းမာရေးလုပ်သားများအသင်း (MCHWA)သည် ၁၉၉၆ခုနှစ်မှစ၍ ခရစ်ယာန်ဆေးခန်းနှင့် ရုံးလုပ်ငန်းများကို မြန်မာနိုင်ငံခရစ်ယာန် ဂိုဏ်းပေါင်းစုသာသနာ့ ရိပ်သာ အမှတ်၆၀၁၊ ပြည်လမ်း အဆောက်အဦတွင် ယနေ့ထက်တိုင်ဆောင်ရွက်လျက်ရှိပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

၁။ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ခရစ်ယာန်ကျန်းမာရေးလုပ်သားများ အချင်းချင်း စည်းလုံးညီညွတ်ရင်းနှီးစွာဖြင့် မိတ်သဟာရဖွဲ့ရန်။

၂။ ထာဝရဘုရား၏သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာ၊ အထူးဆင်ခြင်နှလုံးသွင်းခြင်း၊ ဆုတောင်းပဌနာပြုခြင်းဖြင့် ကြွယ်ဝပြည့်စုံသော ခရစ်ယာန်အသက်တာရှိပြီး တပည့်တော်အစစ်ဖြစ်အောင် အားထုတ်ရန်။

၃။ ဘုရားသခင်မှမိမိတို့အား ပေးအပ်ထားသော စွမ်းရည်ပါရမီများကို သမ္မာကျမ်းစာနှင့်အညီ လူသားများကို မေတ္တာ၊ စေတနာရှေ့ထား၍ တဦးချင်းအနေနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း ပါဝင် ဆက်ကပ်ဆောင်ရွက်ရန်။

၄။ ပြည်သူလူထုကျန်းမာရေးမြှင့်တင်ရန်။

၅။ သဘာဝဘေးအန္တရာယ်များမှကြိုတင်ကာကွယ်ရန်။

၆။ ဖျားနာမှုနှင့်အနာတရဖြစ်လာသောအခါ ပြုစုကုသစောင့်ရှောက်ရန်။
၇။ ဖျားနာမှုနှင့် အနာတရများပျောက်ကင်းလာသည့်အခါတွင် ကိုယ်စိတ်ဝိညာဉ်တို့ မူရင်းအခြေအနေသို့ အတတ်နိုင်ဆုံးပြန်လည်ရောက်ရှိစေရန်။

## ၃။ လုပ်ဆောင်ချက်များ

ခရစ်ယာန်ဆေးကုခန်း(Christian Clinic)ကို မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံသာသနာ့ရိပ်သာတွင် ဖွင့်လှစ်ထားပါသည်။ **Poor Patient Fund (PPF)** အစီအစဉ်ဖြင့် ချို့တဲ့သောလူနာများအား ထောက်ပံ့ခြင်းကို အင်းစိန်နှင့်မြောက်ဥက္ကလာပဆေးရုံတွင် ဆောင်ရွက်လျက်ရှိပါသည်။ နယ်လှည့်ဆေးကုသခြင်း(outreach)ကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါသည်။ ခရစ်ယာန်ကျန်းမာရေးလုပ်သားများ စာရင်းကောက်ယူပြုစုရန်နှင့် နယ်များတွင် အသင်းခွဲများ ဖွင့်လှစ်ရန် ကြိုးစားလျက်ရှိပါသည်။ ဒေသအလိုက် သမ္မာကျမ်းစာတော်မြတ်လေ့လာဆည်းပူးရေးနှင့် ဝိညာဉ်ခွန်အားခိုင်မာရှင်သန် တိုးပွါးစေရေးအတွက် အနည်ဆုံးတစ်လ တစ်ကြိမ် စုပေါင်းဝတ်ပြု ကျမ်းစာသင်ကြားပေးလျက်ရှိပါသည်။ အရည်အချင်းပြည့်မှီပါလျက် ကျန်းမာရေး ဆိုင်ရာ ပညာရပ်များကို ဆည်းပူးခြင်းမပြုနိုင်သူ ဆင်းရဲနွမ်းပါးသော ခရစ်ယာန်လူငယ်များအား ကူညီထောက်ပံ့ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ တစ်ကမ္ဘာလုံးကလက်ခံသော ဆန်းသစ်လာသည့် ကျန်းမာရေးဆိုင်ရာခံယူချက်များကို လေ့လာ၍ မြန်မာနိုင်ငံ၏အခြေအနေနှင့်လိုက်လျောညီထွေသည့် **Continuous Medic Education(CME)**များ အခါအားလျော်စွာ စီစဉ်ပေးပါသည်။ နိုင်ငံတော်မှ ချမှတ်ထားသည့် ကျန်းမာရေးမူဝါဒများနှင့်အညီ ကျင့်သုံးဆောင်ရွက်ချက်များကို ဘောင်အတွင်းမှ ကူညီပံ့ပိုးဆောင်ရွက်ရန်။ ပြည်သူတို့အတွက် အမှန်လိုအပ်နေသည့် ကျန်းမာရေးအသိပညာ ဖြန့်ချီရေးအစီအစဉ်များတွင် ကူညီပံ့ပိုးဆောင်ရွက်ပါသည်။ **(Health manual, BARS, Nurse aids training etc.)** သဘာဝဘေးအန္တရယ်များ ကျရောက်လာပါက သက်ဆိုင်ရာတာဝန်ခံများနှင့် ညှိနှိုင်း၍ ဆေးအဖွဲ့များဖွဲ့ကာ ပါဝင်ကူညီဆောင်ရွက်ပါသည်။ ခရစ်ယာန်ဓမ္မသဘင်ပွဲတော်ကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။ မိမိအသင်းနှင့်ရည်ရွယ်ချက်၊ လုပ်ငန်းအစီအစဉ် တူညီသည့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

ခရစ်ယာန်ဂရုဏာဖြင့် ပြုစုရေးဌာန Christian Care and Compassion Centre (CC&CC) ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်း၊ကော့မှူးမြို့နယ်တွင် မြေကွက်ဝယ်ယူပြီး ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

## ၅။ အနာဂတ်မျှော်မှန်းချက်

သမ္မာကျမ်းစာ၏ အခြေခံမူများဖြင့် တည်ဆောက်ထားသော ယုံကြည်စိတ်ချရသည့် ခရစ်ယာန်ကျန်းမာရေး အဖွဲ့အစည်းတစ်ခု ဖြစ်စေရန်။

### ၆။ အမှုဆောင်အရာရှိများ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | ဒေါက်တာအောင်မင်း |
| ဒုဥက္ကဋ္ဌ | – | ပါမောက္ခဒေါက်တာလဗွန်ထုနောင် |
| | – | ပါမောက္ခဒေါက်တာနန်းလှလှဝင်း |
| အထွေထွေအတွင်းရေးမှူး | – | ဒေါက်တာဝေဝေအောင် |
| တွဲဘက်အတွင်းရေးမှူး | – | (၁) ဒေါက်တာကျော့နန္ဒာရည်<br>(၂) ဒေါ်ငွေးလာ |
| ဘဏ္ဍာထိန်း | – | ဒေါ်ဂျင်းမိမိနိုင် |
| တွဲဘက်ဘဏ္ဍာထိန်း | – | ဆရာဦးထူးအောင် |
| စာရင်းစစ် | – | ဆရာဒန်နီရယ် |

### ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၉၂ ခုနှစ်

### ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်


၁၉၉၄ ခုနှစ်

### ၉။ ဆက်သွယ်ရန်လိပ်စာ

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံသာသနာရိပ်သာ၊ အမှတ်(၆၀၁)၊ ပြည်လမ်း၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း– ၀၉–၄၂၁၁၁၀၃၀၈ ၊ ၀၉၉၇၃၈၇၄၄၃၀

### ၁၀။ အထူးနေ့

မရှိပါ။




# မြန်မာနိုင်ငံ အသင်းတော်များ ရန်ပုံငွေအဖွဲ့

## ၁။ နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံအသင်းတော်များလှည့်လည်သုံးရံပုံငွေအဖွဲ့ကို ၁၉၅၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ECLOF, Myanmar သည် ECLOF, International မှ ပထမဦးဆုံး ထောက်ပံ့ခဲ့သော အရှေ့တိုင်းနိုင်ငံဖြစ်ပါသည်။ ECLOF, Myanmar ၏ပထမဆုံး ဒါရိုက်တာမှာ Rev. Joh Thet Gyi, AGS of Myanmar (Burma) Council of Churches ဖြစ်ပါသည်။ အမြော်အမြင်ကြီးသော မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်ခေါင်းဆောင်များ၏ ဆက်ကပ်လုပ်ဆောင်မှုကြောင့်သာ ECLOF, Myanmar ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ကြောင့် ပျက်စီးခဲ့သော ခရစ်ယာန်ဘုရားကျောင်းများ ပြန်လည်မွမ်းမံခြင်း၊ ပြန်လည်တည်ဆောက်ခြင်းများ လုပ်ကိုင်နိုင်ရန်ဟူ၍ ကနဦးကရည်ရွယ်၍ ECLOF, Myanmar ကိုဖွဲ့စည်းခဲ့ပါသည်။

ECLOF, Myanmarသည် မြန်မာနိုင်ငံတွင် ၁၉၅၉ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ လုပ်ငန်းတစ်ရပ်အနေဖြင့် တည်ရှိခဲ့ပါသည်။ ၁၉၉၈ခုနှစ်အထိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီရှိ ဝန်ထမ်းခြင်းနှင့်ဖွံ့ဖြိုးခြင်းဌာန၏ အစီအစဉ်တစ်ရပ်အနေဖြင့် ရပ်တည်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ECLOF Geneva ၏ လမ်းညွှန်းမှုအကြံပြုမှုဖြင့် ထိုစဉ် ဌာန၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ ဆရာဦးအမ်ဂျာနော်နှင့် ECLOF, Myanmar အစီအစဉ်တာဝန်ခံဖြစ်သူ ဆရာကြီး ဦးသောင်းရွှေတို့၏ ဦးဆောင်ပါဝင်ဆက်ကပ်မှုဖြင့် မြန်မာနိုင်ငံအသင်းတော်များ လှည့်လည်သုံးရံပုံငွေအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နည်းဥပဒေသများကိုရေးဆွဲခဲ့ပြီး ECLOF, Myanmar Board မှ အတည်ပြုခဲ့ပြီးနောက် ၁၉၉၆ ခုနှစ်၊ ဇူလိုင်လတွင် ECLOF, Geneva မှ အတည်ပြုပေးခဲ့ပါသည်။ ၁၉၉၈ခုနှစ်တွင် ကျင်းပသော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ (၇၇)ကြိမ်မြောက်သင်းလုံးကျွတ် ညီလာခံတွင် ECLOF, Myanmar အား မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းဖြင့် သီးခြားရပ်တည် ခွင့်ပြုခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်အစိုးရ၏ အသေးစားငွေရေးကြေးရေး ဥပဒေပြဋ္ဌာန်းရာ၊ ဥပဒေအရ ECLOF, Myanmar မှ လက်ရှိလုပ်ငန်းများကို ဥပဒေဘောင်အတွင်း၌ တရားဝင်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။

ထို့ကြောင့် (၁၇.၂.၂၀၁၁) နေ့တွင် ကျင်းပသော အလုပ်အမှုဆောင်အစည်းအဝေး နှင့် (၆.၈.၂၀၁၂) နေ့တွင် ကျင်းပသော ဗဟိုကောင်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအသင်းတော်များ လှည့်လည်သုံးရံပုံငွေအဖွဲ့ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကြောင်း အထောက်အကူပြု ဖောင်ဒေးရှင်း ဟူ၍ အသွင်သဏ္ဌာန် (၂)ခုဖြင့်ရပ်တည်၍ဖောင်ဒေးရှင်းမှတရားဝင်အသင်းအဖွဲ့ရပ်တည်ရန်အတွက်မှတ်ပုံတင်ခဲ့သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ (၂၈) ရက်နေ့တွင် ပြည်တွင်းလူမှုရေးအဖွဲ့အစည်း (LNGO) မှတ်ပုံတင်အမှတ် (၂၁၅၉)ကို ရရှိခဲ့ပါသည်။ အသေးစားငွေရေးကြေးရေး ဆောင်ရွက်ခွင့်လိုင်စင်အား လျှောက်ထားရာ လိုင်စင်အမှတ်(၀၅၅) ကို ရရှိခဲ့ပါသည်။ ယခုအခါ EI နှင့် ECLOF, Myanmar ၏ သဘောတူညီမှုအရ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ပူးပေါင်းဆက်သွယ်သော အသင်းအဖွဲ့အဖြစ် ရပ်တည်သော မြန်မာနိုင်ငံအသင်းတော်များ လှည့်လည်သုံးရံပုံငွေအဖွဲ့နှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်၍ Microfinance လိုင်စင်ရယူ၍ ဖွံ့ဖြိုးရေးဆောင်ရွက်သော အသက်မွေးဝမ်းကြောင်း အထောက်အကူပြုဖောင်ဒေးရှင်းအဖြစ် ရပ်တည်ပါသည်။

## ၂။ အဓိကအရည်ရွယ်ချက်

လုပ်ကိုင်နိုင်စွမ်းရည်မြင့်မားပြီး၊ ခုခံရပ်တည်နိုင်စွမ်းရှိသော အသင်းသားများဖြင့် စိတ်ချယုံကြည်ရပြီး ရေရှည်ရပ်တည်နိုင်သော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဖြစ်ရန်။

ကျွန်ုပ်တို့သည် ကျေးလက်နေပြည်သူများ၊ အထူးသဖြင့် ဆင်းရဲသောသူများကို ငွေရေးကြေးရေးနှင့် နည်းပညာ ဝန်ဆောင်မှုပံ့ပိုးခြင်း အစီအစဉ်အားဖြင့်၊ ရပ်ရွာလူထုဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးခံစားခွင့်နှင့် ဆက်စပ်သည့် ကိစ္စများကို မြှင့်တင်ပေးရန်။

## ၃။ လုပ်ဆောင်ချက်များ

ECLOF သည် လှည့်လည်သုံးရံပုံငွေ၊ ငွေစုငွေချေးလုပ်ငန်း၊ အသက်မွေးဝမ်းကြောင်း အထောက်အကူပြုရေး လုပ်ငန်းများကို လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်လာပါသည်။ အသေးစားငွေရေးကြေးရေး အထောက်အကူပြု လုပ်ငန်းကို အတိုးနှုန်းသင့်တင့်မျှတစွာဖြင့် စနစ်တကျခွင့်ပြုခြင်းဖြင့် ဒေသနှင့်လူသား ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ကိုင်နေပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးတို့တွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်နေပါသည်။ နှစ်ပေါင်း (၅၀) ကျော်လုပ်ကိုင်ခဲ့ပြီး၊ ဝမ်းစာဖူလုံရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊ ဘုရားကျောင်းများနှင့် ရပ်ရွာအခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဦးစားပေး လုပ်ကိုင် နေပါသည်။ Covid-19 ကာကွယ်ရေးအတွက် အသိပညာပေးအစီအစဉ်များအားလည်း အချိန်အခါ အလျောက် လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

## ၄။ အနာဂတ်မျှော်မှန်းချက်

(က) ချို့တဲ့သူများအတွက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံကိန်းများကို ကိုယ်ထူကိုယ်ထ ဘဝရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရန် (အမျိုးသမီးများကို ဦးစားပေးရန်)

(ခ) ကူညီပံ့ပိုးမှုမရနိုင်သော၊ ခရစ်ယာန်နှင့်အခြားလူမှုဖွံ့ဖြိုးရေးဆောင်ရွက်သည့် အသင်းအဖွဲ့များသို့ အားပေးကူညီပံ့ပိုးရန်။

(ဂ) ဗိမာန်တော်၊ ဗိမာန်တော်နှင့် သက်ဆိုင်သည့် ဆောက်လုပ်ခြင်းများနှင့် မွမ်းမံပြင်ဆင်ခြင်းများကို ထောက်ပံ့ကူညီမှုပေးရန်။

(ဃ) အလုပ်လက်မဲ့လူငယ်များ (ကျား၊မ)နှင့် ဘွဲ့ရလူငယ်များအတွက် လုပ်ငန်းဖန်တီးမြှင့်တင်ပေးရန်။
(င) ပံ့ပိုးမှုကို ထိရောက်စွာအသုံးပြုရေးအတွက်ကူညီရန်။
(စ) အသင်းတော်ရန်ပုံငွေ ခိုင်မာတိုးပွား၍ လိုအပ်သောအသင်းတော်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ပိုမိုအထောက်အကူအညီဖြစ်စေရန်။

## ၆။ အမှုဆောင်အရာရှိများ

၁။ သိက္ခာတော်ရဆရာ မန်းပါမာစတန် - (သဘာပတိ)
၂။ ဒေါ်မေအေးရွှေ - (အထွေထွေအတွင်းရေးမှူး)
၃။ သိက္ခာတော်ရဆရာစောရွှေလင်း - (အဖွဲ့ဝင်)
၄။ ဒေါ်နန်းသူဇာမွန် - (အဖွဲ့ဝင်)
၅။ ဒေါ်ခင်ခင်မေ - (အဖွဲ့ဝင်)

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၅၉ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၁၉၉၈ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

အခန်း (၀၃) MESC Building ၊ အမှတ် (၆၀၁) ၊ ပြည်လမ်း ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉-၁-၅၁၂၈၆၈
Email- myeclof@gmail.com

## ၁၀။ အထူးနေ့

မရှိပါ။

# မြန်မာနိုင်ငံ ဂိဒေါင်များအဖွဲ့

## ၁။ နောက်ခံသမိုင်းအကျဉ်း

၁၈၉၈ ခုနှစ်တွင် လူငယ်(၃) ဦးအားဖြင့် ဂိဒေါင်အသင်းကြီးကို စတင်တည်ထောင်ရန် စည်းရုံးခဲ့ပါသည်။ ၎င်းသုံးဦး၏အမည်မှာ (John H.Nichoscon)၊ (Samuel E.Hill) နှင့် (Will Knights) တို့ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ ဝစ္စကွန်စင်ပြည်နယ်၊ ဂျိန်စဗီးလ်ရှိ (YMCA) ၌စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

(Gideons) ဟု ၁၈၉၉ ခုနှစ်ဇူလိုင်လ(၁)ရက်နေ့တွင် ၎င်းတို့(၃)ဦး တွေ့ဆုံ ဆုံးဖြတ်ခဲ့ကြပါသည်။ တရားသူကြီးမှတ်စာ အခန်းကြီး (၆) ကိုအခြေခံ၍ ဖွဲ့စည်းခဲ့ပါသည်။

အဓိကခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဧဝံဂေလိသာသနာပြုလုပ်ငန်းများ ကိုယ်တော်ရှင်အတွက် အတူတကွ ထမ်းဆောင်ကြရန် စည်းရုံးဆုံးဖြတ် အတည်ပြုခဲ့ကြပါသည်။

ထို့ကြောင့် ဂိဒေါင်အသင်းကြီးက သီးသန့်ဂိုဏ်းဂဏအဖွဲ့စည်းမဟုတ်ပါ။ ခရစ်ယာန်အသင်းတော်အသီးသီးမှ ညီအစ်ကိုများနှင့် ဖွဲ့စည်းထားပါသည်။ ၁၉၆၂ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဂိဒေါင်အသင်းကြီးစတင်ဖွဲ့စည်းခဲ့ပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

၁ တိမောသေ အခန်းကြီး(၂)၊ အခန်းငယ်(၄) အရ "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏" ဟုဆိုသည့်အတိုင်း ဂိဒေါင်များက သမ္မာကျမ်းစာအား ခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်များ၊ ဂိဒေါင်အဖွဲ့ဝင်များနှင့် အသင်းတော်အသီးသီး၊ စေတနာရှင်များ၏ အလှူငွေများအားဖြင့် ရိုက်နှိပ်ပြီး လူသားတိုင်းလက်ဝယ်ရောက်ရှိအောင် အခမဲ့ဖြန့်ဝေလျက်ရှိပါသည်။ လူသားတိုင်း သမ္မာကျမ်းစာကို ဖတ်ရှုပြီး ဝိညာဉ်ကယ်တင်ခြင်းရရန် ရှုပါရုံထားရှိပါသည်။

ရည်ရွယ်ချက်များမှာ သမ္မာကျမ်းစာမရောက်ရှိနိုင်သည့်နေရာ၊ ဝယ်ယူရန်အခက်ခဲရှိသောနေရာများသို့ ဂိဒေါင်များ သမ္မာကျမ်းစာအား အခမဲ့ဖြန့်ဖြူးလျက်ရှိပါသည်။

ဂိဒေါင်များက အဓိက သမ္မာကျမ်းစာဖြန့်ဝေသောနေရာများ သတ်မှတ်ဖြန့်ဝေပါသည်။ အဓိက ဖြန့်ဝေသောနေရာများမှာ (၁) ဆေးရုံ၊ ဆေးခန်းများ၊ (၂) ကျောင်းများ(အလယ်တန်း-အထက်တန်း-တက္ကသိုလ်)၊ (၃) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ (၄) ရဲ၊ မီးသတ်နှင့် စစ်တပ်၊ (၅) အချုပ်ခန်းနှင့် အကျဉ်းထောင်များ၌ အခမဲ့ ဂိဒေါင်သမ္မာကျမ်းစာများအား ဖြန့်ဝေလျက်ရှိပါသည်။

## ၃။ လုပ်ဆောင်ချက်များ

Personal Witness Testimony (PWT) ခေါ် တစ်ဦးချင်းသက်သေခံသာသနာပြုခြင်းအားဖြင့် ဂိဒေါင်သမ္မာကျမ်းစာဝေငှခြင်း၊ အခါအားလျော်စွာ နေ့ရက်သတ်မှတ်ပြီး အဖွဲ့ချုပ်အစီအစဉ်ဖြင့်လည်းကောင်း၊ ဂိဒေါင်စခန်းများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ဂိဒေါင်သမ္မာကျမ်းစာဖြန့်ဝေခြင်းနှင့် Bible Blitz ခေါ် လူစည်ကားရာနေရာ၊ စစ်ဘေးရှောင်စခန်းများနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး စခန်းများ၌ ဂိဒေါင်သမ္မာကျမ်းစာများ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါသည်။

ယနေ့အထိ ဂိဒေါင်သမ္မာကျမ်းစာ ဖြန့်ဖြူးခြင်းမှာ ၂.၅ဘီလျံကျော် ဖြန့်ဝေခဲ့ပါသည်။ မြန်မာနိုင်ငံဂိဒေါင်များအနေဖြင့် (၃)သန်းကျော် ဖြန့်ဝေပြီးဖြစ်ပါသည်။

ဂိဒေါင်သာသနာပြုလုပ်ငန်းတွင် နိုင်ငံပေါင်း (၂၀၀) ရှိပြီး ဂိဒေါင်စခန်းပေါင်း (၁၂၀၀၀) ရှိပါသည်။ ဂိဒေါင်အဖွဲ့ဝင်ပေါင်း (၂)သိန်းရှိပြီး အရံအင်အားခေါ် အမျိုးသမီးပေါင်း (၁)သိန်း ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် စခန်းပေါင်း (၈၆)ခု၊ အဖွဲ့ဝင်အင်အား (၁၉၅၀)နှင့် အရံအင်အားခေါ်အမျိုးသမီးအဖွဲ့ဝင် (၄၃၀) ရှိပါသည်။

မြန်မာပြည်ဂိဒေါင်သာသနာလုပ်ငန်းကို (BCYF) ခေါ် Burma Christian Youth Fellowship အဖွဲ့မှ တစိတ်တပိုင်းတာဝန်ယူ ကူညီပံ့ပိုး၍ သာသနာပြုလုပ်ငန်းတွင် ပါဝင်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်နောက်ပိုင်း Gideons International သာသနာပြုခြင်းအား (Region)ခေါ် ခရိုင်များခွဲ၍ သာသနာပြုဒေသများ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံဂိဒေါင်အသင်းကြီးသည် အရှေ့တောင်အာရှနိုင်ငံ (၁၃) နိုင်ငံတွင် ပါဝင်၍ သာသနာပြုလျက်ရှိပါသည်။

## ၄။ အမှုဆောင်အရာရှိများ (Gideons Offices)

မြန်မာနိုင်ငံဂိဒေါင်သာသနာတာဝန်ခံများ

၁၉၉၀–၉၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ဂိဒေါင်တာဝန်ခံအား ခန့်အပ်ခဲ့ပါသည်။

၁၉၉၀–၂၀၀၈ ထိ မြန်မာပြည်ဂိဒေါင်တာဝန်ခံမှာ ဆရာဦးသာအေးဖြစ်ပါသည်။

၂၀၀၈ ခုနှစ်တွင် ဆရာဦးသာအေးဘုန်းတော်ဝင်စားသွားပါသည်။

၂၀၀၉ ခုနှစ်မှစ၍ မြန်မာပြည်ဂိဒေါင်တာဝန်ခံအား ဆရာဦးကြည်မောင်အေးဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ဆရာဦးကြည်မောင်အေးဘုန်းတော်ဝင်စားသွားပါသည်။

၂၀၂၂ ခုနှစ်တွင်ဇွန် (၁) ရက်နေ့မှစ၍ မြန်မာပြည်ဂိဒေါင်တာဝန်ခံအား ဆရာဦးအောင်ဖေသန်း ဖြစ်ပါသည်။

မြန်မာပြည်ဂိဒေါင်သာသနာ၌ ပါဝင်လုပ်ဆောင်နေသောအမှုဆောင်အရာရှိများမှာ–

| | |
|---|---|
| ဆရာဦးအောင်ဖေသန်း | မြန်မာပြည်ဂိဒေါင်တာဝန်ခံ (၀၉၅၁၄၉၀၅၆) |
| ဆရာဦးမျိုးမြင့် | မြန်မာပြည်ဂိဒေါင်ဘဏ္ဍာထိန်း |
| ဆရာသောမတ်(စ်)မျိုးဝင်း | မြန်မာပြည်ဂိဒေါင် Chaplain (၀၉၂၆၂၉၆၂၈၈၇၊ ၀၉၇၉၆၃၁၄၆၆၅) |
| ဆရာဦးဇော်အောင် | မြန်မာပြည်ဂိဒေါင်အသင်းသားတာဝန်ခံ |
| ဆရာဦးမိုက်ကယ်မင်းမင်း | မြန်မာပြည်ဂိဒေါင်အသင်းတော်များထံ ဂိဒေါင်အကြောင်းဝေမျှရေးတာဝန်ခံ |
| ဆရာဦးယောထိန် | မြန်မာပြည်ဂိဒေါင်ဇုံ (၁) တာဝန်ခံရုံ |
| ဆရာဒေါက်တာလောအယ်ထူး | မြန်မာပြည်ဂိဒေါင်ဇုံ (၂) တာဝန်ခံ |
| ဆရာဦးသန်းမြင့် | မြန်မာပြည်ဂိဒေါင်ဇုံ (၃) တာဝန်ခံ |
| ဆရာဦးကျော်ထွေး | မြန်မာပြည်ဂိဒေါင်ဇုံ (၄) တာဝန်ခံ |
| ဆရာဦးဇော်ခေါင် | မြန်မာပြည်ဂိဒေါင်ဇုံ (၅) တာဝန်ခံ |
| ဆရာဦးဟယ်ဆီးဂျယ် | မြန်မာပြည်ဂိဒေါင်ဇုံ (၆) တာဝန်ခံ |
| ဆရာဦးဆယ်မြူရယ်ချစ်ထွန်း | မြန်မာပြည်ဂိဒေါင်ဇုံ (၇) တာဝန်ခံ |
| ဆရာဦးလှတောင် | မြန်မာပြည်ဂိဒေါင်ဇုံ (၈) တာဝန်ခံ |
| ဆရာဦးအမောင် | မြန်မာပြည်ဂိဒေါင် သမ္မာကျမ်းစာဖြန့်ဝေရေးတာဝန်ခံ |
| ဆရာမသီတာအေး | မြန်မာပြည်ဂိဒေါင် အရံအင်အား အဖွဲ့ခေါင်းဆောင် |

## ၅။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၈၉၉ ခုနှစ်ဇူလိုင်လ (၁)ရက်နေ့

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၀၆ ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (၈၄)၊ ၅၁ လမ်း၊ မြေညီထပ်၊ အလယ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉၅၁၄၉၀၅၆

## ၁၀။ အထူးနေ့

ဂိဒေါင်အသင်းကြီးတည်ထောင်သောနေ့ရက်၊ ဇူလိုင်လ (၁) ရက်

# မြန်မာနိုင်ငံ သေရည်သေရက်မူးယစ်ဆေးဝါး ရှောင်ကြဉ်ခြင်း အမျိုးသမီးခရစ်ယာန်အသင်း

## ၁။ နောက်ခံသမိုင်းအကျဉ်း

အမေရိကန်အမျိုးသမီးဖြစ်သော Mrs. Fransis Wilick အမည်ရှိသော အမျိုးသမီးမှ Sanfransisco Golden Gate ကမ်းခြေသို့ သွားစဉ် Pacific Ocean ကိုမျှော်ကြည့်စဉ် ပင်လယ်ကူးသင်္ဘောကြီးများ ကုန်စည်ဖလှယ်ကူးသန်းကုန်သွယ်သည့်အထဲမှ သေရည်သေရက်များစွာ တရုတ်ပြည်၊ ဂျပန်၊ အရှေ့တောင်အာရှနိုင်ငံများသို့ သယ်ဆောင် ကူးသန်းသွားနေသည်ကိုမြင်တွေ့ပြီး တကမ္ဘာလုံးရှိ မိသားစုအိမ်ထောင်များအတွက် စိုးရိမ်ပူပန်မှုများစွာ ဖြစ်ပေါ်ပြီးသည့်နောက် အဆိပ်ရည်ဖြစ်သော ကျွန်ဘဝမှကယ်တင်ရန် တကမ္ဘာလုံးရှိအမျိုးသမီးများ စုပေါင်းဖွဲ့စည်း တိုက်ဖျက်သင့်သည်ဟု သံဓိဋ္ဌာန်ချပြီးနောက် ၁၈၉၁ခုနှစ်၌ ကမ္ဘာ့အရပ်ရပ်သို့ ခရီးထွက်ပြီး အရက်သေစာတိုက်ဖျက်ခြင်းကို ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ၁၈၉၇ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ နှစ်ပေါင်း၁၄၅နှစ် မြန်မာနိုင်ငံ၌တည်ရှိခဲ့ပါသည်။ ဂိုဏ်းပေါင်းစုံအမျိုးသမီးများပါဝင်ခဲ့ပြီး ရှေးမိခင်များ ပါဝင်ဆက်ကပ်ခဲ့ပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

၁။ ဘုရားကိုကိုင်းရှိုင်းခြင်း၊ အိမ်ထောင်စည်းလုံးခြင်း၊ နိုင်ငံအေးချမ်းစေရန်။
၂။ မြန်မာနိုင်ငံ၌ သေရည်သေရက်သောက်ခြင်းကြောင့် ဒုက္ခရောက်သူများ ပပျောက်စေရန်။
၃။ လူကိုမူးယစ်ထုံထိုင်းစေသော အရာများအကြောင်းပညာပေးရန်။
၄။ ခွေတာစုဆောင်းရေးကို အားပေးရန်။
၅။ အကျင့်စာရိတ္တကိုမြှင့်တင်ရန်။
၆။ ဘုရားကိုရိုသေကိုင်းရှိုင်းခြင်း။ အိမ်ထောင်စည်းလုံးခြင်း၊ တိုင်းပြည်အေးချမ်းခြင်းရှိစေရန်။

## ၃။ လုပ်ဆောင်ချက်များ

အဓိက MWCTU၏ အဓိကလုပ်ဆောင်ချက်သည် 12 AM တိတိအချိန်ဆုတောင်းခြင်းရှိသည့်နေရာ၌ အထူး ဆုတောင်းခြင်း ကို ကမ္ဘာအနှံ့ အချိန်နာရီမတူသော်လည်း 12 AM တိုင်းတွင် အတူဆုတောင်းလျက်ရှိပါသည်။ သစ္စာရှိစွာ ဆုတောင်းခြင်းကြောင့် အရက်ကျေးကျွန်ဘဝမှလည်း များစွာလွတ်မြောက်ခဲ့ပါသည်။ MWCTU သည် လ၏ ပထမပတ်တိုင်း အစာရှောင်ဆုတောင်းခြင်း၊ ရှေ့လုပ်ငန်းများ အတွက် EC အဖွဲ့ဝင်မှ ဆွေးနွေးခြင်း၊ လ၏ ဒုတိယပတ်တိုင်း S.S.K.B.M.S သီတာလမ်း၊ အသင်းတော်၌ စုပေါင်းဝတ်ပြု ကိုးကွယ်ကြပါသည်။ 9.9.9 AM

နှစ်တိုင်း ကိုယ်ဝန်ဆောင် အမျိုးသမီးများ အရက်သေစာ သောက်သုံးခြင်းဖြင့် သန္ဓေသားတွင် ဖြစ်ပေါ်တတ်သည့် အကြောင်းအရာများကို တကမ္ဘာလုံးရှိ နိုင်ငံများမှ ထိုနေ့ရက်ကို အထူးကျင်းပကြပါသည်။

၁။ အသက်ငယ်ရွယ်သူများအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၂။ ကျား၊ မ မရွေး၊ ဘာသာမရွေး၊ လိုအပ်နေသူများတွင် ဆောင်ရွက်ခြင်း။

၃။ ခရစ်ယာန်ဂိုဏ်းဂဏအသီးသီးနှင့် လက်တွဲလုပ်ဆောင်ခြင်း။

၄။ မြန်မာနိုင်ငံနှစ်ခြင်းအဖွဲ့ချုပ်က ကြီးမှူးသောအမျိုးသမီး ဝတ်ပြုစည်းဝေးများတွင် အသုံးပြုသည့် ဆုတောင်းစာအုပ်စုရာ၌ ပါဝင်ခြင်း၊ သေရည်သေရက်ရှောင်ကြဉ်ခြင်း အသင်းနေ့သတ်မှတ်ခြင်း။

၅။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ဓမ္မပညာရေးအဖွဲ့က စာရိတ္တမြှင့်တင်ခြင်း တနင်္ဂနွေနေ့သတ်မှတ်ပေးကာ စောင့်ရှောက်ရန်ကူညီပေးခြင်း။

၆။ နှစ်ပတ်လည်စည်းဝေးကို ဖေဖော်ဝါရီလ၌ကျင်းပခြင်း။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

MWCTU ၏ Motto "For God For Home and For Every Land" ဆိုသည့်အတိုင်း ဘုရားအတွက်၊ အိမ်ထောင်များအတွက် ကမ္ဘာမြေကြီးသားအတွက် ဆိုသည့်အတိုင်း ဖိတ်ခေါ်သော အသင်းတော်တိုင်းနှင့် ပြည်နယ်များအတွက် ဟောပြော၊ ကုသခြင်း၊ လက်မှုပညာ၊ ချီးမွမ်းခြင်း၊ ဧဝံဂေလိလုပ်ဆောင်နိုင်ခဲ့ပါသည်။ တစ်နှစ်တကြိမ် သစ္စာရှိစွာဆုတောင်းပေးနေသော မိခင်များနှင့်အတူ နိုင်ငံခြားခရီးစဉ် လူ(၆၀)နီးပါးနှင့်အတူ သွားရောက် နိုင်ခဲ့ပါသည်။ MWCTU ၏ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းစုံ (၄၁)နိုင်ငံနှင့် ချိတ်ဆက်လျက် ရှိပါသည်။ (၃)နှစ်တကြိမ် Convention ကိုပြုလုပ်ပါသည်။ ၂၀၁၉ ဇူလိုင်လ(၁၀) ရက်မှ (၁၅)ရက်တိုင်အောင် (၄၁) ကြိမ်မြောက် Helsinky, Finland နိုင်ငံတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၄) ဦးတက်ရောက်နိုင်ခဲ့ပါသည်။ "Theme: Going for word, Thinking Globally, Acting Locally" ဖြစ်ပါသည်။ MWCTU သည် နိုင်ငံပေါင်း(၄၁) နိုင်ငံနှင့် ချိတ်ဆက်ထားကြသော်လည်း ထောက်ပံ့ကြေးမရှိပါ။ ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ဆက်ကပ်ပါဝင် လျက်ရှိပါသည်။ နှစ်စဉ်ဝင်ငွေအနေနှင့် စုဗူးစုခြင်း၊ နှစ်စဉ်အောက်တိုဘာလတိုင်း ဈေးရောင်းပွဲရှိခြင်းသာလျှင် ရန်ပုံငွေရှိပါသည်။ ဘုရားသခင်ပေးသောကောင်းကြီးဖြင့် ဆက်ကပ်ပါဝင် လုပ်ဆောင်လျက်ရှိပါသည်။

## ၅။ အနာဂါတ်ရည်မှန်းချက်

ရှေ့ဆက်သွားမယ်၊ ဟောပြောဝေမျှမယ်၊ ဆုတောင်းအဖွဲ့စည်း၏ လုပ်ဆောင်မှုကိုသာ ရှေ့ဆက်ကပ် ဘို့ရှိသည်။ မူးယစ်ကျေးကျွန်များတွက် ဟောပြောဖေးမကူညီ ဆုတောင်းခြင်းများနှင့်အတူ မူကြိုကလေးများ ကျောင်းသို့ ငယ်စဉ်ကတည်းက အပြစ်ကို ကြောက်အောင် ဟောပြောခြင်းဖြင့် လုပ်ဆောင်ကြမည်။

### ၆။ အမှုတောင်အရာရှိများ

| | | |
|---|---|---|
| နာယက | - | Dr. သန်းသန်းမှန်၊ ဒေါ်မေမြတ်ခိုင် |
| ဥက္ကဋ္ဌ | - | ဒေါ်သန်းသန်းတင့် |
| ဒု-ဥက္ကဋ္ဌ | - | ဒေါ်ချစ်မာလွင် |
| အတွင်းရေးမှူး | - | ဒေါ်နန်းမေဖွားချစ် |
| ဒု-အတွင်းရေးမှူး | - | ဒေါ်နန်းခမ်းထွေး |
| ဘဏ္ဍာထိန်း | - | ဒေါ်မော်မော်လွင် |
| သင်းအုပ် | - | ဆရာတော် ဦးစောအယ်စိုး |
| ဓမ္မပညာတာဝန်ခံ | - | ဆရာမဒေါ်ရစ် (စ်) |
| မီဒီယာတာဝန်ခံ | - | ဒေါ်ခင်မေလှိုင် |

### ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၈၇ ခုနှစ်

### ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၀၆ ခုနှစ်

### ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (၁၆) ကျိုးပင်လမ်း၊ မြို့သစ်အရှေ့၊ သန်လျင်။
၀၉၄၂၀၂၆၇၁၄၁၊ ၀၉၄၂၁၀၃၆၅၉၆
auntyphyu29@gmail.com

### ၁၀။ အထူးနေ့

FOETAL ALCOHOL SYNDROME(F.A.S)DAY (၉ ရက် စက်တင်ဘာလ ၉ နာရီ)

# မျှော်လင့်ရာ သမ္မာတရား

## ၁။ နောက်ခံသမိုင်းအကျဉ်း

Word of Hope မျှော်လင့်ရာသမ္မာတရား၏ လေလှိုင်းသံအမှုတော်မြတ်သာသနာကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့တွင် စတင်ခဲ့ပါသည်။ ထိုနောက် Digital ခေတ်ဖွံ့ဖြိုးလာသောအခါ မီဒီယာအားဖြင့် ကယ်တင်ခြင်းသတင်းကောင်းကို ဆက်လက်ဝေငှလျက် ရှိပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

မီဒီယာအားဖြင့် အမှုတော်မြတ်လုပ်ငန်းတွင် ပါဝင်ဆက်ကပ်အစေခံရန်။

## ၃။ လုပ်ဆောင်ချက်များ

ဧဝံဂေလိဝေမျှခြင်းတွင်အထောက်အကူဖြစ်စေရန် –

(၁) စာအုပ်ငယ်လေးများထုတ်ဝေခြင်း၊

(၂) ဓမ္မတေးသီချင်းများထုတ်ဝေခြင်း၊

(၃) ယုံကြည်ခြင်းနငယ်သူများအတွက်သမ္မာကျမ်းစာ လေ့လာခြင်းသင်ခန်းစာများ၊

(၄) ကလေးသူငယ်များအတွက် သမ္မာကျမ်းစာလေ့လာဖြေဆိုရန်သင်ခန်းစာစာအုပ်နှင့် Mobile Application

(၅) အသင်းတော်၊ အဖွဲ့အစည်းများနှင့်အတူ ဧဝံဂေလိအလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊

(၆) လူငယ်များနှင့်အမျိုးသမီးများအတွက်သင်တန်းများနှင့်အားကစားပြိုင်ပွဲများပြုလုပ်ပေးခြင်း၊

(၇) ကလေးသူငယ်များအတွက် ရက်တိုသမ္မာကျမ်းစာသင်တန်းများပြုလုပ်ပေးခြင်း၊

(၈) လက်ထိုးရုပ်ဇာတ်လမ်းများပြသခြင်းဖြင့် ကယ်တင်ခြင်းသတင်းစကားဝေငှခြင်း စသည်တို့ဖြစ်ပါသည်။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

(က) မီဒီယာ(လူမှုကွန်ယက်များ)အားဖြင့် ကယ်တင်ခြင်းသတင်းစကားဝေမျှခြင်း၊

(ခ) Psycho Spiritual Support အစီအစဉ်

(ဂ) ကလေးများအတွက် “Hope for Kid” Mobile Application (Android)

## ၅။ အနာဂတ်မျှော်မှန်းချက်

Digital ခေတ်တွင် ထိရောက်သော နည်းပညာများအားဖြင့် ကယ်တင်ခြင်းသတင်းစကား လူတိုင်းကြား သိစေရန်။

## ၆။ အမှုဆောင်အရာရှိများ

| | |
|---|---|
| ဥက္ကဋ္ဌ | – ဦးစောအောင်ဒူး |
| ဒု-ဥက္ကဋ္ဌ | – NIL |
| အထွေထွေအတွင်းရေးမှူး | – ဒေါ်ဇင်မာကျော် |
| ဘဏ္ဍာထိန်း | – Rev. စောမြမင်းလွင် |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၁၉၉၉ ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၁၀ ခုနှစ်၊ မေလ

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (၁၄၃)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ MBC အမှတ်တရပစ္စည်းဆိုင် အပေါ်ထပ် (မင်းရဲကျော်စွာလမ်းနှင့် အောင်ရတနာလမ်း၊ ဗဟိုလမ်းထောင့်) ဒုတိယအလွှာ

| | | |
|---|---|---|
| ဖုန်း | : | ၀၉-၇၈၅၂၉၈၅၁၁ |
| Email | : | wohlhm.99@gmail.com |
| website | : | www.wohlhm.org |
| Facebook | : | Word of Hope LHM– Myanmar |

## ၁၀။ အထူးနေ့

မရှိပါ။

# နေ့စဉ်ခွန်အား

## ၁။ နောက်ခံသမိုင်းအကျဉ်း

နေ့စဉ်ခွန်အား ဝတ်ပြုကိုးကွယ်ခြင်းစာစောင်ကို ၁၉၉၃ခုနှစ်တွင် စင်္ကာပူနိုင်ငံ ခရစ်တော်အတွက်လူငယ်၏ ဒါရိုက်တာ Mr.Albert Lee ၏ အားပေးမှုဖြင့် စတင်ဘာသာပြန်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစဉ်က မြန်မာခရစ်တော်အတွက်လူငယ်၊ စာပေလုပ်ငန်းဌာနနှင့် လက်တွဲ၍ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့အပြင် တိုင်းရင်းသားဘာသာ (၁၂) မျိုးဖြင့် မြန်မာတစ်နိုင်ငံလုံးသို့ ဘာသာပြန်၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် မြန်မာခရစ်တော်အတွက်လူငယ် လက်အောက်၌ပင် နေ့စဉ်ခွန်အားလုပ်ငန်းအဖြစ် သီးခြားရပ်တည်ခဲ့ပါသည်။

၂၀၁၀ခုနှစ်တွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ပူပေါင်းဆက်သွယ်သောအဖွဲ့အစည်းအဖြစ် ယနေ့ထိတိုင် အတူတကွတွဲဖက်လျက် အမှုတော်လုပ်ငန်းကို လုပ်ဆောင်လျက် ရှိပါသည်။ ဘာသာပြန်သူများနှင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲအမျိုးမျိုးကြောင့် ယခုအချိန်တွင်မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် စကောကရင်ဘာသာတို့ကိုသာ ထုတ်ဝေဖြန့်ချီလျက်ရှိပါသည်။

ထို့ပြင် နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်းနှင့် မိတ်ဖက်ပူးပေါင်းပြီး ကချင်၊ စီးယင်းချင်း၊ လိုင်ချင်း၊ ဖလမ်းချင်း၊ တီးတိန်ချင်း ဘာသာများဖြင့် သက်ဆိုင်ရာအဖွဲ့ချုပ်၊ သာသနာနယ်၊ အသင်းတော်များမှ ဘာသာပြန်ထုတ်ဝေဖြန့်ချီလျက်ရှိပါသည်။

## ၂။ ရည်ရွယ်ချက်

အသက်တာကို ပြောင်းလဲစေသည့် သမ္မာကျမ်းစာမှ ပညတ်တော်ကို လူတိုင်းနားလည်စေရေး လူတိုင်းရရှိစေရေးနှင့် နိုင်ငံအသီးသီးရှိ လူမျိုးအပေါင်းတို့သည် ခရစ်တော်ကို ကိုယ်တိုင်သိကျွမ်းပြီး ခရစ်တော်နှင့် တိုး၍ရင်းနှီးသော အသက်တာကို ခံစားရရန်၊ ခရစ်တော်၏သဏ္ဍာန်နှင့် တူလာရန်၊ ခရစ်တော်၏ မိသားစုဝင်များရှိသည့် အသင်းတော်၌ ပါဝင်၍အစေခံရန် ဟူသည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။

## ၃။ လုပ်ဆောင်ချက်

ခရစ်ယာန်စာပေများ ထုတ်ဝေဖြန့်ချီခြင်း၊ ကျမ်းစာသင်တန်းများလုပ်ဆောင်ခြင်း၊ facebook နှင့် web-site တို့တွင် နေ့စဉ်ခွန်အား အသံနှင့်ဗီဒီယိုများထုတ်လွှင့်ခြင်း။ အသင်းတော်များ၌ Book display များပြုလုပ်ခြင်း။

## ၅။ အနာဂတ် မျှော်မှန်းချက်

ဂိုဏ်းဂဏအသီးသီးနှင့် အမှုတော်မြတ်အတွက် တိုး၍ ပူးပေါင်းလုပ်ဆောင်ရန်။

## ၆။ အမှုဆောင်အရာရှိများ

| | |
|---|---|
| ဥက္ကဋ္ဌ | – စောစီးဟဲ |
| ဒုဥက္ကဋ္ဌ | – စောပက်ထရစ်လူနီ |
| အထွေထွေအတွင်းရေးမှူး | – သိက္ခာတော်ရဆရာကျော်သူရ |
| ဘဏ္ဍာထိန်း | – ဦးဂေးဒြက်ကျော် |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၂၀၀၁ ခုနှစ်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၁၀ ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (၁)၊ စောတေလိန်း၊ ဦးလူနီလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၀၁-၈၂၁၀၇၉၅ ၊ ၀၉ ၄၂၆၄၉၂၀၁၇
Email : myanmar@odb.org
Website : Myanmar-odb.org
Facebook : Our Daily Bread Ministries Myanmar နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်း

## ၁၀။ အထူးနေ့

မရှိပါ။

# ဗွီရှင်းထရက်စ်မြန်မာ

## ၁။ နောက်ခံသမိုင်းအကျဉ်း

### နောက်ခံသမိုင်းအကျဉ်းနှင့် မခသက၏ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းဖြစ်လာခဲ့ခြင်း

VisionTrust Myanmar အဖွဲ့အစည်းသည် ၂၀၀၈ ခုနှစ်၊ မေလ(၁) ရက်နေ့တွင် VisionTrust International က ဆရာစောစီးဟဲကို တာဝန်ပေး၍ မြန်မာနိုင်ငံတွင် အစပြုခဲ့သည်။ VisionTrust International သာသနာပြုလုပ်ငန်းကြီးကို Dr. Ernest Taylor က ၁၉၉၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ Colorado Springs မြို့၌ ရုံးစိုက်ပြီး စတင်သာသနာပြုခဲ့သည်။ Dr. Ernest Taylor သည် အာရှပစိဖိတ်ဒေသ၊ ခရစ်တော်အတွက် လူငယ် (Asia Pacific Region Youth For Christ Ministry) တာဝန်ခံအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်ပြီး မြန်မာနိုင်ငံရှိ “Grace Home” ခိုကိုးရာမဲ့ကလေးများရိပ်မြုံနှင့် မြန်မာခရစ်တော်အတွက်လူငယ်၏ သာသနာပြုလုပ်ငန်းတွင် ပါဝင်သော အခမဲ့စာဖတ်ဝိုင်း (Free Tuition Program) လုပ်ငန်းကို လေ့လာတွေ့ရှိပြီးနောက်၊ ဖော်ပြပါ VisionTrust International သာသနာပြုအဖွဲ့ကို စတင်ဖွဲ့စည်းပြီး ကမ္ဘာတဝှမ်း အကူအညီလိုအပ်သော ကလေးသူငယ်များကို ကူညီပံ့ပိုးရင်း၊ ဝိညာဉ်ရေးရာဘက်၌လည်း ကောင်းသော ခရစ်တော်၏တပည့်တော်စစ်များ ဖြစ်လာသည့်အထိ ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့သည်။

Youth for Christ International Ministry ၏ အာရှပစိဖိတ်ဒေသတာဝန်ခံအဖြစ် ၁၉၉၇ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သူ Rev. Dr. Ernest Taylor သည်၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ မြန်မာနိုင်ငံရှိ “Grace Home” ခိုကိုးရာမဲ့ကလေးများရိပ်မြုံနှင့် ပါဝင်ပူးပေါင်းကူညီပံ့ပိုးမှုများပေးခဲ့ပြီးနောက် တစ်ချိန်တည်းမှာပင် မြန်မာခရစ်တော်အတွက်လူငယ် (Youth For Christ (Myanmar) သာသနာပြုအဖွဲ့နှင့်လည်း မြန်မာပြည်တွင် မိတ်ဖွဲ့သာသာနာပြုခဲ့ပါသည်။ VisionTrust Myanmar သည် ၂၀၀၈–ခုနှစ်၊ မေလ(၂) ရက်နေ့တွင် တွေ့ကြုံခဲ့ရသော နာဂစ်မုန်တိုင်းဒဏ်ကြောင့် အကူအညီမြောက်များစွာ လိုအပ်နေသော ကလေးသူငယ်များအတွက် ပညာရေးကူညီပံ့ပိုးမှု လုပ်ငန်းများကို၊ ဒေသခံခရစ်ယာန်အသင်းတော်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး၊ မိမိ၏ ဘာသာရေးဆိုင်ရာလုပ်ငန်းများကို တဆင့်ပြီးတဆင့် တိုးချဲ့၍ လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၂ခုနှစ်၊ မေလတွင် ဦးစောဘင်ဂျာမင်မှ VTM ၏ Executive Director အဖြစ်စတင် တာဝန်ယူခဲ့ပြီး၊ မခသက၏ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခံမှု ရရှိနိုင်ရန်၊ VTM Boardအဖွဲ့၏ သဘာပတိ Rev.Dr. ဦးဝင်းတင်၏ ဦးဆောင်မှုဖြင့် ကြိုးစားအားထုတ် လုပ်ဆောင်ခဲ့ရာ၊ ၂၀၁၄ ခုနှစ်၊ မေလ (၇–၁၀) ရက်တွင် ကျင်းပခဲ့သော မခသက၏ (၈၅) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကြီးမှ ကြိုဆိုလက်ခံခြင်းနှင့် အသိအမှတ်ပြုခြင်းကို ခံယူရရှိခဲ့ပါသည်။

## ၂။ အဓိကရည်ရွယ်ချက်

မြန်မာနိုင်ငံရှိ အကူအညီအထူးလိုအပ်သော ကလေးများကို ကူညီပေးရန်၊ ကလေးများဘဝ မျှော်လင့်ခြင်း ရှိလာစေရန်။

## ၃။ လုပ်ဆောင်ချက်များ

VisionTrust Myanmar ၏ Vision မှာ "To live for God and Love Other" ဖြစ်ပါသည်။ VTM သည် မိမိ၏ Vision ကို အခြေပြု၍ Mission ကို လုပ်ဆောင်ရာတွင် Spiritual Development, Social Development, Physical Development နှင့် Mental Development (၄) ရပ်ပေါ်တွင် အခြေခံ၍ ကလေးသူငယ်များ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဒေသရှိသာသနာအဖွဲ့အစည်းများနှင့် Partner ပြု၍ အတူတကွ ပူးပေါင်းပါဝင် လုပ်ဆောင်လျက်ရှိပါသည်။ သာသနာနယ်လက်အောက်တွင်ရှိသော မိဘမဲ့ဂေဟာ (၅)ခုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအောက်ရှိ အသင်းတော် (၆)ပါး၏ စာဖက်ဝိုင်း (၆)ခုတို့တွင်ရှိသော ကလေးများအား ကူညီပံ့ပိုးမှုများ လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် တစ်လတစ်ကြိမ် ကျောင်းသားရိပ်သာနှင့် မိဘမဲ့ကျောင်းများသို့ မှန်မှန်သွားရောက်ပြီး အတူတကွဝတ်ပြုကိုးကွယ်ခြင်း၊ နှုတ်ကပတ်တော်ဝေမျှခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ မိတ်သဟာရဖွဲ့ခြင်း၊ ရည်ရွယ်ချက်မြင့်မားအောင် အားပေးစကားပြောခြင်းနှင့် တာဝန်ရှိသူများနှင့် လုပ်ငန်းတိုးတက်အောင်မြင်အောင် ညှိနှိုင်းဆွေးနွေးခြင်းများ ပုံမှန်ပြုလုပ်လျက် ရှိပါသည်။ နှစ်စဉ်ဒီဇင်ဘာလတွင် ကျောင်းသားရိပ်သာများနှင့် မိဘမဲ့ကျောင်းများ၌ မွေးနေ့တော် အစီအစဉ်များပြုလုပ်ပေးခြင်း ကျောင်းသားများအားလုံးနှင့် ဝန်ထမ်းများအားလုံးကို လက်ဆောင်များပေးခြင်းနှင့် အထူးဝတ်ပြုစည်းဝေးများ ပြုလုပ်ပေးလျက်ရှိပါသည်။ ဝိညာဉ်ရေးရာ တိုးတက်မှုအတွက် ကျမ်းစာသင်တန်းများနှင့် စွမ်းဆောင်ရည်များ တိုးတက်လာစေရေးအတွက် သင်တန်းများ စီစဉ်ပေးခြင်းနှင့် ပြိုင်ပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် အတန်းတင်စာမေးပွဲအတွက် အထူးဆုတောင်း ဝတ်ပြုခြင်းများ၊ ခွန်အားပေး တိုက်တွန်း နှိုးဆော်ခြင်းများ၊ ဝါရင့်ဆရာကြီး/ဆရာမကြီးများကို ဖိတ်ကြား၍ ဩဝါဒစကား မြွက်ကြားခြင်းတို့ကို မပျက်မကွက် သွားရောက် ပြုလုပ်ပေးလျက်ရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ ပညာရေးတိုးတက်စေရန်နှင့် ရည်ရွယ်ချက်မြင့်မားစေရန်အတွက် (Junior Camp)၊ အားသစ်လောင်းသင်တန်းများနှင့် အထူးဟောပြောခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသည်။ ကျောင်းသား ရိပ်သာဆောင်များမွမ်းမံတည်ဆောက်ရေးနှင့် အခြားလူမှုရေးကိစ္စလိုအပ်ချက်များကိုလည်း လိုအပ်သလို အလှူငွေ ရှာဖွေစုဆောင်းပြီး ကူညီ ပံ့ပိုးပေးလျက်ရှိပါသည်။

## ၄။ ထူးကဲစွာဆောင်ရွက်သည့်လုပ်ငန်း အစီအစဉ်များ

ကလေးများ၏ ဝိညာဉ်ရေး၊ စိတ်ဓာတ်ရေးရာ၊ ပညာရေး၊ ကျန်းမာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန် အကူအညီပေးသည့် အစီအစဉ်များ လုပ်ဆောင်ခြင်း။

## ၅။ အနာဂတ်မျှော်မှန်းချက်

ဘုရားသခင်အတွက် ရပ်တည်ကာ ထူးချွန်ထက်မြက်ပြီး သူတစ်ပါးအပေါ် ချစ်ခြင်းမေတ္တာထားတတ်သော ကလေးသူငယ်များဖြစ်ရန်။

## ၆။ အမှုဆောင်အရာရှိများ

| | |
|---|---|
| ဥက္ကဌ | - MS. ဂျိမ်းဒေးဗစ် |
| ဒု-ဥက္ကဌ | - ဆရာတော်မန်းထွန်းသန်း |
| အထွေထွေအတွင်းရေးမှူး | - နန့်ဖြူဖြူငွေး (ခ) နန့်အဲမလေ |
| ဘဏ္ဍာထိန်း | - Rev. ဦးဇော်လှသန်း |

## ၇။ စတင်ဖွဲ့စည်းသည့်ခုနှစ်

၂၀၀၈ ခုနှစ် မေလ (၂) ရက်

## ၈။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသို့ ပူးပေါင်းသည့်ခုနှစ်

၂၀၁၄ ခုနှစ်

## ၉။ ဆက်သွယ်ရန်လိပ်စာ

အမှတ် (င/၂၇)၊ သာယာအေးလမ်းသွယ် (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉၂၅၀၂၈၉၇၂၃

## ၁၀။ အထူးနေ့

မရှိပါ။

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

# NOTE

NOTE

# NOTE

# Ecumenical Sunday (MCC Sunday)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ (မခသက) တစ်လုံးတစ်ဝတည်း တနင်္ဂနွေနေ့ (M.C.C Sunday) ကို နှစ်စဉ် ဇန်နဝါရီလ၊ တတိယအပတ် တနင်္ဂနွေနေ့တွင် နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပပြုလုပ်ရန် (၈၇) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံး သဘောတူ သတ်မှတ် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အဖွဲ့ဝင်အသင်းတော်များမှ ( MCC Sunday ) ကို ကြိုးပမ်းလုပ်ဆောင်ကြပါရန်နှင့် ထိုနေ့တွင် အထူးအလှူတော်ငွေကောက်ခံကာ မခသက အနာဂတ်လုပ်ငန်းစဉ်များအတွက် ပေးပို့ရန် တစ်လုံးတစ်ဝတည်းဖြစ်ရေး အမှုတော်မြတ်အတွက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# တစ်ကြိမ်ပေးလှူ ရာသက်ပန်အလှူ (Once and For All)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏အနာဂတ်လုပ်ငန်းစဉ်များအတွက် တစ်ကြိမ်ပေးလှူ ရာသက်ပန်အလှူ (Once and For All) ကို ပေးလှူကြရန်(၈၇)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံး သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အလှူတော်ငွေများကို လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။




၆၀၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၂၅၅၃၉၈၉၁၈ / ၀၉၉၄၁၅၃၆၁၉၀

info@mccoikom.org

www.mccoikom.org